ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ တပေါင်းလပြည့်၊ ဗုဒ္ဓဟူးနေ့ (7-3-2012) (၇၀၅၇)

ဒို့တာဝန်အရေးသုံးပါး

- ✰ ပြည်ထောင်စု မပြိုကွဲရေး။
- ✰ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ✰ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နယူးဇီလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နယူးဇီလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ မာရေးမက်လ်ခူလီ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများတက်ရောက်ကြပြီး နယူးဇီလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ နယူးဇီလန်နိုင်ငံ သံအမတ်ကြီး H.E.Mr. Bede Gilbert Corry နှင့်သံရုံးအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံစဉ် မြန်မာ-နယူးဇီလန် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု တိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

လက်ခံတွေ့ဆုံ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နယူးဇီလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ မာရေးမက်လ်ခူလီ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး (၁၉)ရက်မြောက်နေ့ ဆက်လက်ကျင်းပ

ပြည်သူ့လုပ်ငန်းဌာနကိုဓဥပဒေနှင့် ပြည်သူ့လုပ်ငန်းငွေစာရင်းကိုဓဥပဒေများ ပြင်ဆင်ရန်၊ ပြင်ဆင်ပြီးပြဋ္ဌာန်းချက်များ ပုံနှိပ်ထုတ်ဝေရန် ဆွေးနွေး

နေပြည်တော် မတ် ၆

ယနေ့ပြည်ထောင်စုလွှတ်တော် အစည်းအဝေး(၁၉)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် (၅၄၈)ဦးတို့ တက်ရောက်ကြပြီး အစည်းအဝေး၌ အဆို(၁)ခုဆွေးနွေးခြင်းနှင့် အဆိုအသစ်(၃)ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

အဆိုဆွေးနွေးခြင်းကဏ္ဍ၌ ဖေဖော်ဝါရီ ၂၄ ရက်က တင်သွင်းခဲ့သော မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့်၏ **ပြည်သူ့လုပ်ငန်းဌာန ကိုဓဥပဒေ (PWD Code)နှင့် ပြည်သူ့လုပ်ငန်းငွေစာရင်း ကိုဓဥပဒေ(PWA Code)များပါ ပြဋ္ဌာန်းထားချက်များကို ပြင်ဆင်ရန်နှင့်ပြင်ဆင်ပြီး ပြဋ္ဌာန်းချက်စာအုပ်များ ပြန်လည်ပုံနှိပ်ထုတ်ဝေနိုင်ပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း** အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်(၅)ဦးက ဆွေးနွေးကြသည်။

ထိုသို့ဆွေးနွေးရာတွင် မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောက်က ကိုဓဥပဒေကို ယနေ့လက်တွေ့ကျင့်သုံးလျက်ရှိသော မူလဌာန/ လုပ်ငန်းများ အပြင် လယ်ယာစိုက်ပျိုးရေးနှင့် **စာမျက်နှာ ၃ ကော်လံ ၄ သို့◆**

ပြည်ထောင်စုလွှတ် တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။
(သတင်းစဉ်)

ကြေးမုံစာတည်းရှုထောင့် ၇-၃-၂၀၁၂(ဗုဒ္ဓဟူးနေ့)။

လတကာထက် တပေါင်းလသာ

ပြည့်ဝအညီ၊ မိန်ရာသီဟု၊ သရဖီပိတောက်၊ ခက်ညှောက်ညွန့်ညောင်း၊ ဝတ်မှုန်လောင်းသည့်၊ တပေါင်းလသာ လတကာထက်၊ နှိုင်းရာဖက်ရှောင်၊ လများနောင်ကား တောင်လည်းသာမော၊ တောလည်းသာထွေ စသည့် ရှေးစာဆိုတို့၏ အရေးအဖွဲ့သည် တပေါင်းလရာသီ၏သာယာပုံကို ညွှန်းဆို မှတ်တမ်းပြုထားခြင်းဖြစ်သည်။

တပေါင်းလသည် ဆောင်းအကုန်နွေအကူး ခါနွေဆန်းစ။ မြောက်ပြန်လေကြွင်းနှင့် ဆီးနှင်းတို့ မကုန်စင်တတ်သေးသဖြင့် ဆောင်းရိပ်ဆောင်းငွေ့တို့ ရစ်သိုင်းခြုံအေးမြနေဆဲ။ အင်ကြင်း၊ သရဖီ ရာသီပန်းတို့ စီစီရီရီ ဖူးပွင့်ကြမြဲ။ တောတောင်ဝန်းကျင် ငှက်ပေါင်းရှင်ရာ သံသာဉသြ တွန်သံနှောလျက် ဆောင်းနှင့်နွေ နှစ်ထွေအလှတို့ ရောနှောယှက်နွယ် သာယာကြည်နူးဖွယ်ရာ တပေါင်းလသမယ။

မြတ်ဗုဒ္ဓဘုရားရှင်သည် ခါနွေဆန်းစ သာယာကြည်နူးဖွယ်ကောင်းလှသည့် တပေါင်းလပြည့်ကျော် ၁ ရက်နေ့တွင် ရာဇဂြိုဟ်ပြည်မှ ကပိလဝတ်ပြည်သို့ ကြွချီတော်မူခဲ့သည်။ မဟာသက္ကရာဇ် ၁၀၃ ခုတွင် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးကာ ဝေနေယျသတ္တဝါတို့အား တရားရေအေး တိုက်ကျွေးလျက်ရှိစဉ် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးက ဘုရားရှင်အားပင့်ဆောင်ရန် ကာဠုဒါယီအမတ်ကြီးအား စေလွှတ်ခဲ့သည်။ ကာဠုဒါယီအမတ်ကြီးသည် ဘုရားရှင်အား တပေါင်းလပြည့်နေ့တွင် တပေါင်းလ လမ်းခရီးတစ်လျှောက် သာယာပုံတို့ကို ဂါထာပေါင်း ၆၄ ဂါထာ သီကုံး၍ဖွားတော်မူရာ ကပိလဝတ်ပြည်သို့ကြွချီပါရန် လျှောက်ထားတော်မူခဲ့ခြင်းဖြစ်သည်။

မြတ်ဗုဒ္ဓဘုရားရှင်သည် ကပိလဝတ်ပြည်သို့ ကြွချီတော်မူပြီး ခမည်းတော် သုဒ္ဓေါဒနမင်းကြီးနှင့် ကျွေးမိခင် ဂေါတမီတို့အား ကျေးဇူးဆပ်တရား ဟောကြားတော်မူခဲ့သည်။ ရှေးဘိုးဘေး မြန်မာတို့က ဘုရားရှင်ကြွတော်မူခဲ့သည့် တပေါင်းလရာသီတွင် မြစ်ချောင်းများ၌ သဲသောင်ပြင်များ ဖြစ်ထွန်းလျက်ရှိရာ သဲပွင့်သဲစက်များဖြင့် သဲပုံစေတီများ တည်ကာ ဘုရားရှင်အား ရည်မှန်းပူဇော်ကြသည်။ သဲပုံစေတီပွဲတော်များ ကျင်းပခဲ့ကြသည်။

ယနေ့ကာလတွင် ဗုဒ္ဓပူဇနိယပွဲတော်များ ကျင်းပ၍ ပဋ္ဌာန်းတရားတော်များ ရွတ်ပွားပူဇော်ခြင်း၊ ဆရာတော်၊ သံဃာတော်များအား ဆွမ်းခဲဖွယ်များ ဆက်ကပ်ခြင်း၊ ဆွမ်းဆန်တော်လောင်းလှူပွဲများ ကျင်းပခြင်းတို့ကို တပေါင်းလပြည့် အခါသမယ၌ ခမ်းနားသိုက်မြိုက်စွာ ကျင်းပကြမြဲဖြစ်သည်။

မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းကားသော နိုင်ငံဖြစ်ရာ ပြည်သူအပေါင်းတို့သည် ထူးမြတ်သည့် တပေါင်းလပြည့် အခါသမယနေ့တွင် မြတ်ဗုဒ္ဓ၏အဆုံးအမ တရားများနှင့်အညီ ကျင့်ကြံနေထိုင်သွားကြရပါမည်။ မြတ်ဗုဒ္ဓဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်အနန္တကို အဖန်ဖန်အောက်မေ့ခြင်းဟူသည့် ဗုဒ္ဓါနုဿတိဘာဝနာတရားများ ပွားများရင်း သီလဆောက်တည် ဒါနကုသိုလ်ကောင်းမှုအစုစုတို့ကို မပြတ်ပြုလုပ်အားထုတ်သွားကြရန် တိုက်တွန်းနှိုးဆော်လိုက်ပါသည်။ ။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း နယူးဇီလန် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၆

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် နယူးဇီလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ မာရေးမက်လ်ခူလီ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဇမ္ဗူသီရိအဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ပြည်သူ့လွှတ်တော်ကော်မတီများမှ အတွင်းရေးမှူးများနှင့် ကော်မတီဝင်များ စုံညီစွာတက်ရောက်ကြပြီး နယူးဇီလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးနှင့်အတူ ဗန်ကောက်မြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ နယူးဇီလန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Bede Gilbert Corry နှင့် အာဆီယံဆိုင်ရာ နယူးဇီလန်နိုင်ငံ သံအမတ်ကြီး H.E. Mr. David Taylor တို့ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် မြန်မာနှင့် နယူးဇီလန် နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် ရင်းနှီးချစ်ကြည်မှု ပိုမိုတိုးတက်ခိုင်မာလာစေရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း နယူးဇီလန်နိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး မစ္စတာ မာရေးမက်လ်ခူလီအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။
(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၇-၃-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

၇း၁၀ တရားတော်
၈း၁၅ မှတ်တမ်း
၄း၁၀ ဇာတ်လမ်းတို
၄း၃၀ လျှပ်တစ်ပြက်
၅း၀၀ သာယာသီကြွေးခေတ်ဆန်းတေး
၅း၃၀ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း(အပိုင်း-၁၄၉)**
၆း၂၀ Mail Box
၆း၃၅ ကာတွန်းအစီအစဉ် -စူပါဟမ်းစတား(အပိုင်း-၃၀)
၇း၀၀ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -သစ္စာစေတမန် (အပိုင်း-၂၃)**
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း

-နိုင်ငံရေးပါတီများ ဟောပြောချက် "တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ" "လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ"
-ရယ်စရာပျော်စရာဟာသကမ္ဘာ
-အိုင်စီတီသုတ
-ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ငှက်ကလေးရဲ့ကွန်းခိုရာ" (အပိုင်း-၁၇)
-ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင်

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၆ - ၃ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၇၈၅၀	၀. ၀၃၂၄၈
တရုတ် (ယွမ်)	၆. ၃၁၂၂	၀. ၁၅၈၄၂
အိန္ဒိယ (ရူပီး)	၅၀. ၃၇၅၈	၀. ၀၁၉၈၅
မလေးရှား (ရင်းဂစ်)	၃. ၀၂၅၇၄	၀. ၃၃၀၅၀
စင်ကာပူ (ဒေါ်လာ)	၁. ၂၆၃၅၈	၀. ၇၉၁၄၀
ဂျပန် (ယန်း)	၈၁. ၀၆၂၃	၀. ၀၁၂၃၄
တောင်ကိုရီးယား(ဝမ်)	၁၁၂၃. ၈၂	၀. ၀၀၀၈၉
ယူရို	၀. ၇၆၁၂၁	၁. ၃၁၃၇၀
ဗြိတိသျှ (ပေါင်)	၀. ၆၃၃၅၉	၁. ၅၇၈၃၁

အင်တာနက်။

စင်ကာပူသမ္မတနိုင်ငံ လူငယ်သံတမန်လေ့လာရေးအဖွဲ့ မြန်မာ့ရိုးရာခြင်းလုံး သရုပ်ပြခတ်ကစားမှု ကြည့်ရှုလေ့လာ

ရန်ကုန် မတ် ၆

မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Robert Chua ဦးဆောင်သော စင်ကာပူသမ္မတနိုင်ငံ လူငယ်သံတမန်လေ့လာရေးအဖွဲ့သည် ယမန်နေ့ညနေ ၄ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် အမျိုးသား အားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏသို့ ရောက်ရှိကြပြီး မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်မှ မြန်မာ့လက်ရွေးစင် ခြင်းလုံးအားကစား မောင်/မယ်များ၏ ဝိုင်းဖွဲ့ခတ်ကစားခြင်း၊ တစ်ဦးချင်း စွမ်းရည်ပြနှင့် အလှခတ်ကစားခြင်းစသည့် သရုပ်ပြသမှုများကို လေ့လာကြပြီး မြန်မာ့ရိုးရာခြင်းလုံးကို တပျော်တပါး ပါဝင်ခတ်ကစားကြသည်။

ထို့နောက် သံအမတ်ကြီးနှင့် မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးထွန်းဝင်းတို့သည် အမှတ်တရ ပစ္စည်းများ ပေးအပ်ကြပြီး လေ့လာရေးအဖွဲ့ဝင်များအား ခြင်းလုံးများ အမှတ်တရ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Robert Chua ဦးဆောင်သော စင်ကာပူသမ္မတနိုင်ငံ လူငယ်သံတမန်လေ့လာရေးအဖွဲ့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ မြန်မာ့လက်ရွေးစင် ခြင်းလုံးအားကစားမောင်/မယ်များ၏ တစ်ဦးချင်း စွမ်းရည်ပြသမှုများကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

သမင်ခြံချောင်းကူးတံတား ပန္နက်တင် ဒုတိယဝန်ကြီး ဦးစိုးတင့် တက်ရောက်

နေပြည်တော် မတ် ၆

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် ဖေဖော်ဝါရီ ၂၆ ရက် နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် လှိုင်သာယာ-တွံတေးလမ်း၊ ဒလ-တွံတေး-ကော့မှူး-ကွမ်းခြံကုန်းလမ်းနှင့် ကော့မှူး-ဝါးဘလောက်သောက်-သမင်ခြံ-သရက်တော လမ်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် သမင်ခြံချောင်းကူးတံတား ပန္နက်တင် အခမ်းအနားသို့ တက်ရောက်၍ ပန္နက်တင်ပေးပြီး ဒေသခံပြည်သူများအား ဒေသအတွင်း ဆောင်ရွက်လျက်ရှိသော လမ်း/တံတားကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဝါးဘလောက်သောက်ကျေးရွာနှင့် ထမ္မနိုင်ကျေးရွာတို့၌ ဒေသခံပြည်သူများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာများအား အခမဲ့ခွဲစိတ်ကုသ

မန္တလေး မတ် ၆

မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး မျက်နှာ၊ မေးရိုးနှင့် ခံတွင်းကုသဌာနတွင် ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၆ ရက်ထိ ကျန်းမာရေးဝန်ကြီးဌာနနှင့် မန္တလေးတိုင်းဒေသကြီး အစိုးအရအဖွဲ့တို့ကကြီးမှူး၍ မြန်မာဘရူဝါရီလီမိတတ် ကရုဏာရှေးရှုမြန်မာမှ အစီအစဉ်ပံ့ပိုးပေးပြီး Singapore Medical Friendship Mission ဆရာဝန်ကြီးများ၊ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးမှ ဆရာဝန်များ ပူးပေါင်းပြီး မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ဝေဒနာရှင်ကလေးငယ် ၁၀၀ ကျော်အား အခမဲ့ခွဲစိတ်ပြုပြင်ပေးခဲ့ပြီး မန္တလေးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့က အစားအစာ၊ ဆေးဝါးနှင့် အာဟာရပစ္စည်းများ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ သီဟကိုကို(မန္တလေး)

မန္တလေး ဗဟိုအမျိုးသမီးဆေးရုံကြီး၌ သုံးမြွှာပူးမွေးဖွား

မန္တလေး မတ် ၆

မန္တလေး ဗဟိုအမျိုးသမီးဆေးရုံကြီး သားဖွားဆောင်၌ ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၁၀နာရီခွဲက သုံးမြွှာပူးကလေးများအား အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သည်။ သုံးမြွှာပူးမိခင်မှာ မစန္ဒာထွေး အကွက်(၈၈၃) ချမ်းမြသာစည်မြို့နယ် နေသူဖြစ်ပြီး ယောက်ျားလေးနှစ်ဦးနှင့် မိန်းကလေးတစ်ဦး မွေးဖွားခဲ့ပြီး မွေးကင်းစအဆောင်တွင် ဆရာဝန် ဆရာမများ၏ ပြုစုစောင့်ရှောက်မှုဖြင့် မိခင်နှင့်ကလေးများပါ ကျန်းမာလျက်ရှိကြောင်း သိရသည်။ သီဟကိုကို(မန္တလေး)

ရင်းရင်း နှီးနှီး နှုတ်ဆက်

နိုင် ငံ တော် သမ္မတ ဦးသိန်းစိန် နယူးဇီလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဌာန ဝန်ကြီး မစ္စတာ မာရေး မက်လ်ခူလီအား ရင်း ရင်း နှီး နှီး နှုတ်ဆက်စဉ်။

(သတင်း-ရွှေ့ဖုံး)

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း

IPU ဒုတိယဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၆

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဂျီနီဗာမြို့အခြေစိုက် Inter -Parliamentary Union (IPU) ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်ကော်မတီအဖွဲ့ဝင် Mr. Angel Alonso DIAZ - CANEJA ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ပြည်သူ့လွှတ်တော်ကော်မတီများမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြသည်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဂျီနီဗာမြို့အခြေစိုက် Inter -Parliamentary Union (IPU) ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်ကော်မတီအဖွဲ့ဝင် Mr. Angel Alonso DIAZ - CANEJA အား နေပြည်တော် လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

◆ ပြည်ထောင်စုလွှတ်တော်မှ

ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန နှင့် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနတို့ကိုပါ ထည့်သွင်းဖော်ပြရန် လိုအပ်မည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ဂွမဲဆန္ဒနယ်မှ ဦးကြည်သာက လက်ရှိ PWD နှင့် PWA Code များကို ဖြည့်စွက်၊ ပယ်ဖျက်၊ ပြင်ဆင်ခြင်းများ ပြုလုပ်ပြီး ဌာနအားလုံးက တစ်ပြေးညီလိုက်နာဆောင်ရွက်ကြမည်ဆိုပါက နိုင်ငံတော်၏ငွေကြေး၊ ပြည်သူများ၏ ငွေကြေးကို စနစ်တကျ သုံးစွဲရာရောက်မည်ဖြစ်ပါကြောင်းဖြင့်ဆွေးနွေးသည်။

ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦးက အဆိုရှင် တင်ပြသည့် PWD နှင့် PWA Code တို့အပြင် Civil Account Code, Fundamental Rules & Regulation၊ ဌာနဆိုင်ရာများက အမြဲကျင့်သုံးလျက်ရှိသော Manual အားလုံး နှင့်ပတ်သက်၍ ပြုပြင်ပြောင်းလဲထားသည့် အုပ်ချုပ်ရေးယန္တရား စနစ်သစ်နှင့်လျော်ညီစွာ လိုအပ်သည်များပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အသစ်ပြဋ္ဌာန်းခြင်းတို့ကို ဆောင်ရွက်ရန် လိုအပ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

မိုးနဲမဲဆန္ဒနယ်မှ ဦးစိုင်းကျော်မြင့်က ငွေစာရင်းမင်းကြီးရုံး ရှိစဉ်က စာရင်းစစ်ဆေးမှုများ၏အကျိုးသက်ရောက်မှု အခြေအနေ၊ အစဉ်အလာကောင်းများ ဖြစ်ထွန်းပေါ်ပေါက်လာစေရန် စာရင်းစစ်၏လုပ်ကိုင်ခွင့်၊ လုပ်ပိုင်ခွင့်နှင့် တာဝန်များကိုပါ ပြည်သူ့လုပ်ငန်းငွေစာရင်း ကိုဥပဒေတွင် လိုအပ်သလို ဖြည့်စွက်ထည့်သွင်းရန် အကြံပြုတင်ပြအပ်ပါကြောင်းဖြင့်ဆွေးနွေးသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည်က ကိုလိုနီခေတ်ကရေးဆွဲခဲ့သော အက်ဥပဒေများသည် လက်ရှိပကတိအခြေအနေနှင့် အံဝင်ခွင်ကျမဖြစ်တော့ခြင်း၊ မဆီလျော်တော့ခြင်းတို့ကြောင့် ၎င်းအက်ဥပဒေများတွင်ပါဝင်သည့် စကားရပ်အသုံးအနှုန်းများ၊ ငွေကြေးတန်ဖိုးများ၊ အတိုင်းအထွာများ စသည်တို့ကို လိုအပ်သလိုပြင်ဆင်ခြင်း၊ နုတ်ပယ်ခြင်း၊ အသစ်ရေးဆွဲပြဋ္ဌာန်းခြင်းတို့ပြုလုပ်ရန် လိုအပ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

အဆိုနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က ပြည်သူ့လုပ်ငန်း ကိုဥပဒေနှင့် ပြည်သူ့လုပ်ငန်းငွေစာရင်းကိုဥပဒေများကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဆည်မြောင်းဦးစီးဌာနနှင့် ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနတို့အပြင် အင်ဂျင်နီယာလုပ်ငန်း ဆောင်ရွက်လျက်ရှိကြသည့် အစိုးရဌာနအဖွဲ့အစည်းအချို့ကလည်း မှီငြမ်းကိုးကားကျင့်သုံးလျက်ရှိကြပါကြောင်း။

သို့ရာတွင် အချို့သောပြဋ္ဌာန်းချက်များပါ အသုံးအနှုန်းဝေါဟာရများ၊ ငွေတန်ဖိုးပမာဏများမှာ လက်ရှိခေတ်အချိန်ကာလ စီမံခန့်ခွဲမှုနည်းစနစ်များနှင့် ကိုက်ညီခြင်းမရှိတော့ပါသဖြင့် ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းများ ပြုလုပ်သင့်ပါကြောင်း၊ အဓိကပြင်ဆင်သင့်သည့် ပြဋ္ဌာန်းချက်များကို ကောက်နုတ်တင်ပြလိုပါကြောင်း။

၎င်းတို့မှာ PWA Code အခန်း (၂)အပိုဒ် ၁၀ ပါ Agency Transaction ကို ခေတ်ကာလနှင့်လျော်ညီအောင် ပြင်ဆင်ရန်၊ ငွေစာရင်းမင်းကြီးမှာ ခန့်ထားဆောင်ရွက်မှု မရှိတော့ခြင်း၊ ငွေစာရင်းမင်းကြီး၏ လက်အောက်ခံတိုင်းစာရင်းကိုင်များဖြင့် မဆောင်ရွက်တော့ဘဲ သက်ဆိုင်ရာဌာနအကြီးအကဲများ၏ ကြီးကြပ်မှုဖြင့် ငွေစာရင်းဝန်ထမ်းများ အဆင့်ဆင့်သတ်မှတ်ဆောင်ရွက်လျက်ရှိခြင်းတို့ကြောင့် PWD Code နှင့် PWA Code ပါ ငွေစာရင်းမင်းကြီး/ငွေစာရင်းမင်းကြီးလက်အောက်ခံတိုင်းစာရင်းကိုင်တို့နှင့်စပ်လျဉ်းသော ပြဋ္ဌာန်းချက်များကို လိုအပ်သလို ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း၊ အစားထိုးခြင်းများပြုလုပ်ရန်၊ ငွေတိုက်များမရှိတော့သဖြင့် ငွေတိုက်များနှင့် စာရင်းရှင်းလင်းခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များကို လက်ရှိကျင့်သုံးနေသော ဘဏ်စနစ်နှင့်အညီ ဆီလျော်အောင် ပြင်ဆင်ရန်၊ လက်ရှိအသုံးပြုခြင်း မရှိတော့သည့် PWA Code အခန်း (၁၂)ပါ London Stores နှင့် သက်ဆိုင်သည့် အပိုဒ် ၄၁၆ မှ ၄၂၄ အထိကို ပယ်ဖျက်ရန်၊ PWD Code အခန်း(၃) Public Buildings ပါ အစိုးရပိုင်အဆောက်အအုံများ စီမံအုပ်ချုပ်ခြင်း၊ ပရိဘောဂထုတ်ပေးခြင်း၊ အဆောက်အအုံများလွှဲပြောင်းပေးခြင်း၊ အငှားချထားခြင်း၊ ငှားရမ်းခနှုန်းသတ်မှတ်ခြင်း၊ အခွန်အခပေးဆောင်ခြင်းတို့နှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များကို ခေတ်ကာလနှင့်လျော်ညီအောင် ပြင်ဆင်ရန်၊ PWA Code အခန်း (၁၅)ပါ Takavi Works နှင့် သက်ဆိုင်သည့် အပိုဒ် ၄၇၅ မှ ၄၈၀ ပါရှိသော ပြဋ္ဌာန်းချက်များကို ခေတ်ကာလနှင့် လျော်ညီအောင်ပြင်ဆင်ရန်၊ PWD Code အခန်း(၂) Contract and Agreements ပါ ပြဋ္ဌာန်းချက်များကို ခေတ်ကာလနှင့်လျော်ညီအောင် ပြင်ဆင်ရန်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့က ထုတ်ပြန်သောအမိန့်၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊ PWD Code အတွဲ(၁) အပိုဒ် ၄၂၂၊ ၄၄၇၊ ၄၆၁ ပြဋ္ဌာန်းချက်များပါ ဗြိတိသျှကိုလိုနီ အိန္ဒိယအစိုးရနှင့်သက်ဆိုင်သော ဖော်ပြချက်များကို ခေတ်ကာလနှင့်လျော်ညီအောင် ပြင်ဆင်ရန်တို့ဖြစ်ပါကြောင်း။

ပြည်သူ့လုပ်ငန်းဌာန ကိုဥပဒေနှင့် ပြည်သူ့လုပ်ငန်းငွေစာရင်းကိုဥပဒေတို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီက ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်း၍ ပြင်ဆင်ခြင်း၊ နုတ်ပယ်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပြဋ္ဌာန်းစာအုပ်အသစ်များ ပြန်လည်ထုတ်ဝေခြင်းတို့ကို ဆောင်ရွက်သင့်ပါကြောင်း၊ သို့ဖြစ်၍ အဆိုကို ထောက်ခံပါကြောင်းနှင့် ပြည်ထောင်စုလွှတ်တော်က မှတ်တမ်းတင်ပေးပါရန် တင်ပြအပ်ပါကြောင်းဖြင့် ပြန်လည် ရှင်းလင်းဆွေးနွေးသည်။

အဆိုရှင် ဦးမျိုးမြင့်၏အဆိုကို အတည်ပြုရန် အဆုံးအဖြတ်ရယူရာ ထောက်ခံဆန္ဒမဲများသည့်အတွက် လွှတ်တော်က အဆိုအတည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

အဆိုတင်သွင်းခြင်းကဏ္ဍ၌ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဇော်မြင့်ဖေက **အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့အား နိုင်ငံတော်အစိုးရအဖွဲ့ စီးပွားရေးအဖွဲ့အစည်းအဖြစ် သတ်မှတ်ထားရှိမှုကို ပြန်လည်ပြင်ဆင်ပေးပါရန် ပြည်ထောင်စုအစိုးရအဖွဲ့အား တိုက်တွန်းကြောင်း** အဆို၊ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည်က **၁၉၆၃ခုနှစ်မှစ၍ ပြည်ထောင်စု၏ တစုတပေါင်းတည်းသော ငွေစာရင်းသို့ လူမှုဖူလုံရေးရန်ပုံငွေကို ၂၀၁၂ခုနှစ် ဇန်နဝါရီလအထိ ပေးသွင်းခဲ့ရ၍ ယင်းထည့်ဝင်ငွေမှ ကျန်ငွေများကို လူမှုဖူလုံရေးအဖွဲ့သို့ ပြန်လည်ပေးအပ်ပါရန် ပြည်ထောင်စုအစိုးရအဖွဲ့အား တိုက်တွန်းကြောင်း**အဆိုနှင့် ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးမြင့်ထွန်းက **နှစ်ပေါင်း (၅၀) ကျော်မှစ၍ နိုင်ငံတော်သို့စုငွေအဖြစ် နှစ်စဉ်ပေးသွင်းခဲ့ကြရသော ချွေတာငွေ(ခေါ်)စုဆောင်းငွေ(ခေါ်) သွင်းအားစုအပ်ငွေများသည် သက်ဆိုင်သူတို့၏ ကိုယ်ပိုင်ငွေများဖြစ်နေပါသဖြင့် သက်ဆိုင်သူ တောင်သူလယ်သမားများထံသို့ ပြန်လည်ထုတ်ပေးပါရန်နှင့် ယင်းစုငွေစနစ်ဖြစ်သော စိုက်ပျိုးရေးဘဏ် ဥပဒေပုဒ်မ ၅/၁၉၅၃ ကို ဖျက်သိမ်းပေးပြီး တောင်သူလယ်သမားများ၏ ဆန္ဒအရသာ စုဆောင်းစေရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းပါကြောင်း** အဆိုတို့ကို တင်သွင်းကြသည်။

ယင်းအဆို(၃)ခုနှင့်စပ်လျဉ်း၍ ဆွေးနွေးမည့်လွှတ်တော်ကိုယ်စားလှယ်များရှိပါက ယနေ့အစည်းအဝေးအပြီးတွင် အမည်စာရင်းပေးပို့ကြရန်ဖြစ်ကြောင်းသိရသည်။

ယနေ့အစည်းအဝေးကို နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် ရပ်နားပြီး အစည်းအဝေး(၂၀)ရက်မြောက်နေ့ ကို မတ်လ ၉ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

ရွှေရာဇာယာဉ်လိုင်း တိုးချဲ့ဖွင့်လှစ်

နေပြည်တော် မတ် ၆

ရွှေရာဇာ အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး၏ ခရီးစဉ်သစ်ယာဉ်လိုင်းတိုးချဲ့ဖွင့်လှစ်ခြင်းအခမ်းအနားကို မတ် ၂ ရက် နံနက် ၈ နာရီတွင် လွိုင်ကော်မြို့ အဝေးပြေးယာဉ်ရပ်နားစခန်း၌ ကျင်းပရာ ယာဉ်လိုင်းဥက္ကဋ္ဌ ဦးသန်းအေးက ယာဉ်လိုင်းသစ်ဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး ဦးချစ်လှ၊ ပြည်နယ်ပို့ဆောင်ရေးဦးစီးဌာနမှူး ဒေါ်နုနုဆွေနှင့် ရွှေရာဇာယာဉ်လိုင်းဥက္ကဋ္ဌ ဦးသန်းအေးတို့က ခရီးစဉ်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးက ယာဉ်လိုင်းသစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ရွှေရာဇာ အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေးသည် လွိုင်ကော်-နေပြည်တော်-ရန်ကုန်ခရီးစဉ်အပြင် တိုးချဲ့ခရီးစဉ်အဖြစ် လွိုင်ကော်-မန္တလေး ခရီးစဉ်များကို အဆင့်မြင့် အဲယားကွန်းလေအိတ်ကားသစ်များဖြင့် ပြေးဆွဲပေးလျက်ရှိကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

သင့်ယာဉ်မမောင်းမီ အောက်ပါအချက်များစစ်ဆေးပါ

(၁) ဘရိတ်
(၂) မီးများ-
  (က) ရှေ့မီးကြီး
  (ခ) ဘေးမီးငယ်
  (ဂ) ဘရိတ်မီး
  (ဃ) အချက်ပြမီး
  (င) နောက်နံပါတ်ပြားမီး
(၃) ဟွန်း
(၄) တာယာကောင်း/မကောင်း၊ လေညီ/မညီ
(၅) စတီယာရင်ကောင်း/မကောင်း
(၆) ဂီယာကောင်း/မကောင်း
(၇) နောက်ကြည့်မှန်
(၈) ဆီ/ရေ/လေ/ဝိုင် ပြည့်စုံမှုရှိ/မရှိ
(၉) ယာဉ်မောင်းလိုင်စင်
(၁၀) မှတ်ပုံတင်သက်သေခံအဝိုင်း
(၁၁) မိုးတွင်းအခါ ရေသုတ်ကိရိယာ ကောင်း/မကောင်း

နေပြည်တော်ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၇-၃-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

၅း၄၀ "အမေ့မေတ္တာသားလိမ္မာ" တရားတော် (ဆရာတော် ဘဒ္ဒန္တဝေပုလ္လဇောတိ)
၉း၂၀ စိုက်ပျိုးရေးဝန်ထမ်းဟောင်းများ အသင်းသက်ကြီးပူဇော်ပွဲနှင့် ဝန်ထမ်းများ တွေ့ဆုံပွဲ
၁၀း၂၅ ခြိမ့်ကာသဲ တောင်ပေါ်မြို့မှ အလှူပွဲ
၂း၃၀ AFC Cup 2012 Group H [Arema (Indonesia)Vs Ayeyarwaddy United (Myanmar)]
၆း၁၅ အလှခညောင်းလတပေါင်း
၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်တေးသံရင်ခုန်သံ" (အပိုင်း-၁၄)**
၇း၂၅ Cartoon Show Time (SCOOBY DOO)
၈း၃၀ စိမ်းလဲ့စိုအားလပ်ရက် အပြည်ပြည်ဆိုင်ရာခရီးသွားလုပ်ငန်း၏ ဇမ္ဗူသီရိ ဘုရားဖူးအဖွဲ့ဗုဒ္ဓဂယာခရီးစဉ်
၉း၁၀ Celebrity Style (နန်းဆုရတီစိုး)
၉း၂၅ The Shop Around The Corner (Part-38)
၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညှင်းရာ" (အပိုင်း-၉၁)**
၁၀း၁၅ သီချင်းကောင်းကောင်းသီချင်းတောင်း
၁၀း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်မေတ္တာဖြင့်လှစေသူ" (အပိုင်း-၆)**
၁၁း၂၀ World of Knowledge
၁၂း၁၀ သက်ကြီးရွယ်အိုကျန်းမာရေး (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာမြင့်ဟန်၊ ဗိုလ်ကလေးတင့်အောင်)
၁၂း၅၅ လှုပ်ရှားစုံစုံမြန်မာ့သုခုမဇာတ်ခုံ (သစ္စာမေတ္တာရွှေမန်းသဘင်) (အပိုင်း-၂)
၄း၁၅ လီဆူးသဘာဝရိုးရာအလှ

မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး အာဖဂန်နှင့် အမေရိကန်ဆွေးနွေးနေ

ကဘူး မတ် ၆

အာဖဂန်နစ္စတန် အစိုးရအဖွဲ့နှင့် အမေရိကန်အစိုးရအဖွဲ့တို့အကြား မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်တစ်ရပ်ရရှိရေးအတွက် ဆွေးနွေးမှုများကို ဆက်လက်ပြုလုပ်လျက်ရှိကြောင်း အာဖဂန်သမ္မတ ဟာမစ် ကာဇိုင်းက မတ် ၆ရက်တွင် ပြောကြားသည်။

ရည်ရွယ်

အမေရိကန်နှင့်ပြုလုပ်သော ဆွေးနွေးပွဲမှာ မိမိတို့နှစ်နိုင်ငံအကြား မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်သော သဘောတူညီချက်ရရှိရန်ဖြစ်ကြောင်း သမ္မတကာဇိုင်းက မြို့တော်ကဘူး၌ ပိုလန်သမ္မတ ကိုမိုကိုစကီးနှင့် ပူးတွဲပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

နှစ်နိုင်ငံအကြား မဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်မည်ဆိုသော်လည်း မိမိတို့နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားများနှင့် အချုပ်အခြာအာဏာတို့ကို ထိပါးခံမည်မဟုတ်ကြောင်း ကာဇိုင်းက ပြောကြားသည်။

အကယ်၍ အဆိုပါသဘောတူညီချက် ရရှိမည်ဆိုပါက အမေရိကန်နိုင်ငံသည် အာဖဂန်နစ္စတန်နိုင်ငံ၌၎င်း၏စစ်စခန်းများကို ဆက်လက်ထားရှိနိုင်ရန် အခွင့်အလမ်းပွင့်သွားမည်ဖြစ်သည်။ **အင်တာနက်။**

အာဖဂန်နစ္စတန်နိုင်ငံရှိ သံချပ်ကာတပ်ဖွဲ့၏ စစ်စခန်းတစ်နေရာကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရန်နိုင်ငံရှိ အဏုမြူစက်ရုံကို ဝေဟင်မှ တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကုလသမဂ္ဂ စစ်ဆေးရေးမှူးများ အီရန်နိုင်ငံ၌ စစ်ဆေးခွင့်ရရှိ

တီဟီရန် မတ် ၆

အီရန်နိုင်ငံသည် ကုလသမဂ္ဂစစ်ဆေးရေးမှူးများအား စစ်ဘက်ဆိုင်ရာနေရာတစ်နေရာသို့ ဝင်ရောက်ခွင့်ပေးရန် သဘောတူညီလိုက်ကြောင်း၊ အဆိုပါနေရာတွင် အဏုမြူဆိုင်ရာလုပ်ငန်းတစ်ရပ်ကို လျှို့ဝှက်စွာအကောင်အထည်ဖော်နေသည်ဟု ကုလသမဂ္ဂအဏုမြူစွမ်းအင်အေဂျင်စီ(အိုင်အေအီးအေ)က သင်္ကာမကင်းဖြစ်လျက်ရှိကြောင်း အီရန်သတင်းဌာနက မတ် ၆ ရက်တွင် သတင်းထုတ်ပြန်သည်။

အီရန်နိုင်ငံသည် အစောပိုင်းတွင် ပါချင်စက်ရုံအား ကုလသမဂ္ဂစစ်ဆေးရေးမှူးများ ဝင်ရောက်စစ်ဆေးခြင်းမပြုရန် ပိတ်ပင်ခဲ့သည်။

အဆိုပါစစ်ဘက်ဆိုင်ရာနေရာကို စစ်ဆေးခွင့်ရရှိရန် အိုင်အေအီးအေကိုယ်စားလှယ်အဖွဲ့များက အီရန်အစိုးရကို တိုက်တွန်းခဲ့သည်။ အိုင်အေအီးအေ ကိုယ်စားလှယ်များသည် မြို့တော်တီဟီရန်သို့ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတို့တွင် သွားရောက်ခဲ့သည်။ **အင်တာနက်။**

အီရတ်အနောက်ပိုင်း၌ ရဲတပ်ဖွဲ့ဝင် ၂၅ ဦး အသတ်ခံရ

ဘဂ္ဂဒက် မတ် ၆

အီရတ်နိုင်ငံအနောက်ပိုင်း၌ တနင်္လာနေ့တွင် လက်နက်ကိုင်လူတစ်စုက စစ်ဘက်ဝတ်စုံများ ဝတ်ဆင်၍ ဖမ်းဝရမ်းအတုများ ကိုင်ဆောင်လျက် ရဲတပ်ဖွဲ့ဝင် ၂၅ ဦးကို ပစ်သတ်ကာ အယ်လ်ခိုင်ဒါစစ်ပွဲအလံစိုက်ထူခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ပြန်ပေးဆွဲ

နံနက် ၂ နာရီဝန်းကျင်တွင် အီရတ်နိုင်ငံ အနောက်ပိုင်း ဟာဒီသာမြို့၌ ရဲတပ်ဖွဲ့ ရဲမှူးနှစ်ဦးကို ၎င်းတို့၏ နေအိမ်မှ ပြန်ပေးဆွဲခေါ်သွားပြီး မြို့ဆင်ခြေဖုံးမှ ကင်းစခန်းကို စတင်တိုက်ခိုက်ကြသည်။

တစ်နာရီခွဲခန့်ကြာမျှ တိုက်ပွဲဖြစ်ပွားပြီးနောက် သေနတ်သမားများသည် သဲကန္တာရအတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားကြသည်။

ဘဂ္ဂဒက်မြို့၏ အနောက်မြောက်ဘက်မိုင် ၁၄၀ အကွာရှိ ဟာဒီသာမြို့ ရဲစခန်းကို စနစ်တကျစီစဉ်၍ တိုက်ခိုက်ခြင်းဖြစ်ကြောင်း အီရတ်တာဝန်ရှိသူများက ပြောသည်။

တိုက်ခိုက်ရေးသမားတို့သည် စစ်ဘက်ဝတ်စုံများ ဝတ်ဆင်၍ အီရတ်ပြည်ထဲရေးဝန်ကြီးဌာနမှ ကားများကဲ့သို့ ၎င်းတို့စီးလာသော ကားအား ဆေးသုတ်ထားကြသည်။

၎င်းလက်နက်ကိုင်အုပ်စုက ရဲတပ်ဖွဲ့ဝင်များကို ဖမ်းဆီးရန် ဖမ်းဝရမ်းအတုများကိုင်ဆောင်လျက် ၎င်းတို့သည် စစ်ဘက်မှ တာဝန်ရှိပုဂ္ဂိုလ်များဖြစ်ကြောင်းပြောကြားခဲ့ကြသည်ဟု ဟာဒီသာမြို့ တည်ရှိရာ ဟန်ဘာပြည်နယ် အုပ်ချုပ်ရေးမှူး မိုဟာမက်ဖာသီက ပြောသည်။ ဟာဒီသာမြို့ အပြင်ဘက်စစ်ဆေးရေးစခန်း၌ လက်နက်ကိုင်အုပ်စုကို ရပ်တန့်စစ်ဆေးရာ ၎င်းတို့က အစောင့် ရဲတပ်ဖွဲ့ဝင်များထံမှ မိုဘိုင်းဖုန်းများကို လုယူ၍ ၎င်းတို့အားလုံးကို ပစ်သတ်ခဲ့ကြကြောင်း ဖာသီက ပြောသည်။

၎င်းတို့မော်တော်ယာဉ်တန်းသည် မြို့တော်၏ဆွက်အဖွဲ့ ခေါင်းဆောင်အဖြစ် တာဝန်ယူထားသော ရဲမှူးကြီးတစ်ဦးအပါအဝင် ဟာဒီသာရဲတပ်ဖွဲ့ အရာရှိနှစ်ဦး၏ အိမ်ရှေ့၌ ထိုးဆိုက်လိုက်ကြသည်။

သေနတ်သမားများသည် ဖမ်းဆီးဝရမ်းအတုများကို ဝှေ့ယမ်းလျက် ရဲမှူးကြီးနှစ်ဦးကို ယာဉ်တန်းနှင့်အတူ ဖမ်းခေါ်သွားခဲ့ပြီး မိုင်ဝက်ခန့် မရောက်မီသတ်ပစ်ခဲ့ကြသည်ဟု ဖာသီက ပြောသည်။

၎င်းတို့ထံတွင် ဟာဒီသာရဲတပ်ဖွဲ့ဝင် ၁၅ဦးကို ဖမ်းဆီးရန် ဖမ်းဝရမ်းအတုများပါလာသည်ဟု ဆိုသည်။ ၎င်းတို့၏ မော်တော်ယာဉ်တန်းသည် မြို့တွင်းသို့ဝင်ရောက်လာရာ မြို့၏အထင်ကရ ဈေးအနီး စစ်ဆေးရေးစခန်း၌ ရပ်တန့်စေရာမှ တိုက်ပွဲစတင်ဖြစ်ပွားသည်။ ယင်းတိုက်ပွဲ၌ ရဲတပ်ဖွဲ့ဝင် ခြောက်ဦးသေဆုံးပြီး သေနတ်သမားများကို လိုက်လံတိုက်ခိုက်ရာ ခြောက်ဦး သေဆုံးကြောင်း ဖာသီက ပြောသည်။

သေနတ်သမားအများစုသည် နှိုင်းဗက်ပြည်နယ် နယ်စပ်ရှိ သဲကန္တာရအတွင်းသို့ ထွက်ပြေးလွတ်မြောက်သွားကြပြီး လမ်းပေါ်မြို့စွန်ကင်းစခန်းမှ ရဲတပ်ဖွဲ့ဝင်နှစ်ဦးကိုလည်း သတ်သွားကြသည်ဟုဆိုသည်။ သေနတ်သမား သုံးဦး သေဆုံးကျန်ရစ်ခဲ့သည်ဟုဆိုသည်။ **အင်တာနက်။**

ကင်းစောင့် အီရတ်ရဲတပ်ဖွဲ့ဝင် တစ်ဦးကို အသင့် အနေ အထားဖြင့် တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ကာရစ်ဘီယန် ပင်လယ်ပြင်အတွင်း ကိုကင်းမူးယစ်ဆေးဝါး သိမ်းဆည်းရမိ

မနားဂွား မတ် ၆

နီကာရာဂွာရေတပ်သည် နိုင်ငံတောင်ပိုင်း ကာရစ်ဘီယန်ပင်လယ်ပြင်အတွင်း ကိုကင်းမူးယစ်ဆေးဝါး နှစ်တန်ကျော်ကိုသိမ်းဆည်းရမိခဲ့ကြောင်း ရေတပ်အကြီးအကဲက မတ် ၆ ရက်တွင် ပြောကြားသည်။

မြို့တော်မနားဂွားအရှေ့တောင်ဘက် ၃၈၃ ကီလိုမီတာအကွာ ဘလူးဖီးလ်ဒ်ပင်လယ်ဆိပ်ကမ်းမှ ရေမိုင် ၃၅ မိုင်အကွာတွင် ကိုကင်းမူးယစ်ဆေးဝါးကို သိမ်းဆည်းရမိခြင်းဖြစ်ကြောင်း ရေတပ်အကြီးအကဲ ရော်ဂျာဂွန်ဇာလက်က ပြောကြားသည်။

ပင်တာဒီးလ်အော်ဂီလာကျွန်း၌ ရပ်နားဆိုက်ကပ်ထားသော ရေယာဉ်တစ်စင်းပေါ်မှ ကိုကင်း မူးယစ်ဆေးဝါးကို သိမ်းဆည်းရမိခဲ့ကြောင်း ၎င်းကပြောကြားသည်။

ကိုကင်းမူးယစ်ဆေးဝါးများကို သိမ်းဆည်းရမိခဲ့သော်လည်း အဆိုပါ ရေယာဉ်ပေါ်တွင် လူတစ်ဦးတစ်ယောက်ကိုမျှ မတွေ့ရှိရကြောင်း၊ ယင်းရေယာဉ်၏ ရေယာဉ်ဝန်ထမ်းများမှာ ကိုလံဘီယာနိုင်ငံသားများဖြစ်နိုင်သလို ဟွန်ဒူးရပ်စ် သို့မဟုတ် နီကာရာဂွာနိုင်ငံသားများလည်းဖြစ်နိုင်ကြောင်း ၎င်းကပြောကြားသည်။ **အင်တာနက်။**

မြို့တော်ဒါကာ၌ ဆော်ဒီသံအရာရှိ လုပ်ကြံသတ်ဖြတ်ခံခဲ့ရ

ဒါကာ မတ် ၆

ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့တော်ဒါကာ၌ ဆော်ဒီအာရေဗျသံရုံးမှ အထက်တန်းအရာရှိတစ်ဦး မတ် ၆ ရက် နံနက်က လုပ်ကြံသတ်ဖြတ်ခံခဲ့ရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

လမ်းဘေးတစ်နေရာတွင် သေနတ်ဒဏ်ရာဖြင့် လဲကျသေဆုံးနေသော ဆော်ဒီနိုင်ငံသား တစ်ဦးကို မိမိတို့တွေ့ရှိခဲ့ရကြောင်း၊ ၎င်းသည် ဆော်ဒီအာရေဗျသံရုံးမှ သံအရာရှိတစ်ဦးဖြစ်ကြောင်း ဒါကာရဲတပ်ဖွဲ့မှ ရဲမှူး ရာဇီလ်အစ္စလာမ်က ပြောကြားသည်။

မတ် ၆ရက် နံနက် ၁နာရီခွဲခန့်တွင် ဆော်ဒီအထက်တန်းအရာရှိတစ်ဦး လုပ်ကြံသတ်ဖြတ်ခံရခြင်းဖြစ်သည်။

လုပ်ကြံခံရသော သံအရာရှိသည် ဆော်ဒီသံရုံးရှိ နိုင်ငံသားများရေးရာဌာန၏ ဌာနမှူး ခါလစ်အယ်လ်အလီ (၄၅နှစ်)ဖြစ်သည်။

သေနတ်သမားက မည်သည့်ရည်ရွယ်ချက်ကြောင့် လုပ်ကြံသတ်ဖြတ်သည်ကို ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးနေဆဲဖြစ်သည်။

ဆင်ဟွာ။

ရွှေ့ပြောင်းအခြေစိုက်နေထိုင်မည့်သူများကို အီတလီငါးဖမ်းစက်လှေ ကယ်တင်

ရောမ မတ် ၆

ပင်လယ်ပြင်အတွင်း ဘေးအန္တရာယ်ကျရောက်နေသော ရေယာဉ်တစ်စင်းကို အီတလီငါးဖမ်းစက်လှေတစ်စင်းက ကယ်တင်ပေးခဲ့ကြောင်း၊ အဆိုပါရေယာဉ်ပေါ်တွင် ရွှေ့ပြောင်း အခြေစိုက်နေထိုင်မည့်သူ ၁၀၃ ဦးလိုက်ပါလာခဲ့ကြောင်း အီတလီ ကမ်းရိုးတန်းစောင့်တပ်ဖွဲ့က မတ် ၄ ရက်တွင် ပြောကြားသည်။

လမ်ပီဒူဆာကျွန်းတောင်ဘက် ရေမိုင် ၅၇ မိုင်အကွာတွင် မျောပါနေသော ရေယာဉ်တစ်စင်းကို အီတလီငါးဖမ်း စက်လှေရေလုပ်သားများက ရှာဖွေတွေ့ရှိခဲ့သည်။

အဆိုပါ ရေယာဉ်ပေါ်တွင် အမျိုးသမီး ၂၁ ဦးနှင့် ကလေးတစ်ဦး အပါအဝင် လူ ၁၀၃ ဦး လိုက်ပါလာခဲ့ပြီး ၎င်းတို့ကို ခိုလှုံရေးစခန်းတစ်ခုသို့ ပို့ဆောင်ပေးခဲ့ကြောင်းသတင်းတွင် ဖော်ပြသည်။ ရွှေ့ပြောင်းအခြေစိုက်နေထိုင်မည့်သူများသည် မည်သည့်နိုင်ငံမှဖြစ်သည်ကို ကမ်းရိုးတန်းစောင့်တပ်ဖွဲ့က အတည်ပြုပြောကြားခြင်းမရှိပေ။ **အင်တာနက်။**

နိုင်ငံတကာသတင်းရှုခင်း

သတိပြုသင့်ခန်းစာယူဖွယ် လစ်ဗျားမှ အက်ကွဲသံ (ဗျည်းနှဲ့)

ခေါင်းဆောင်ဟောင်း မွမ်မာကဒါဖီ ခေတ်အလွန် ခြောက်လအကြာ ၂၀၁၂ ခုနှစ် မတ်လ ၆ ရက်မှာ လစ်ဗျားနိုင်ငံ ဘန်ဂါဇီမြို့စွန်ရှိ လေယာဉ်ရုံတစ်ရုံထဲမှာ မျိုးနွယ်စုခေါင်းဆောင်တွေ၊ စစ်ဘက်ဆိုင်ရာ အရာရှိတွေနှင့် တော်လှန်ရေးရဲ့ ရာထူးတံဆိပ် ဒွါဒရာအပြည့်နဲ့ ပြောက်ကျားဝတ်စုံတွေ ဝတ်ဆင်ထားတဲ့ ပြည်သူ့စစ်ခေါင်းဆောင်တွေ အစရှိတဲ့ လူ ရာပေါင်းများစွာတို့ စုဝေးခဲ့ကြပါတယ်။

အဲဒီအစည်းအဝေးမှာရှိနေကြတဲ့ ခေါင်းဆောင်တွေက လစ်ဗျားအရှေ့ပိုင်းမှာရှိတဲ့ ဆိုင်ရီနေအေးကားဒေသကို ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသအဖြစ် တစ်ဖက်သတ်ကြေညာပြီး ကကြ၊ ခုန်ကြ၊ လက်ခုပ်တွေတီးကြနှင့် ကြွေးကြော်သံတွေ ဟစ်ကြွေး ခဲ့ကြပါတယ်။

"ကျွန်တော်တို့အနေနဲ့ စစ်ရေးအရ ကျောထောက်နောက်ခံ ရရှိထားတဲ့ ဆိုင်ရီနေအေးကားပြည်နယ်ကို ပိုင်ဆိုင်ပါပြီ"လို့ ဆိုင်ရီနေအေးကား ပြည်သူ့ကွန်ဂရက်ရဲ့ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဟစ်ကြွေးခဲ့ပါတယ်။

ဒီအချက်ဟာ လစ်ဗျားနိုင်ငံရဲ့ ကောင်းကင်ယံမှာ နိုင်ငံရေးမိုးရိပ်မည်းတွေတက်လာတဲ့ အခြေအနေလို့ ရှုမြင်နိုင်ပါတယ်။ ဆိုင်ရီနေအေးကား ပြည်သူ့ကွန်ဂရက်ရဲ့ကြေညာချက်ဟာ ဥပဒေအရ တရားဝင်မဖြစ်သေးဘူးလို့ ဆိုသည့်တိုင်အောင် လစ်ဗျား နိုင်ငံပြိုကွဲမှုကို ရှေးရှုတဲ့ ထင်ရာစိုင်းဆောင်ရွက်မှုတစ်ခု အစပြုလာတာပါပဲ။ တကယ်တော့ လစ်ဗျားနိုင်ငံဟာ နိုင်ငံရေး သဘောအရ အလျဉ်မပြတ် ပြောင်းလဲနေဆဲဖြစ်တဲ့ နိုင်ငံတစ်နိုင်ငံလို့ ဆိုနိုင်ပါတယ်။ ကဒါဖီ အလွန်ကာလ လစ်ဗျားနိုင်ငံမှာရှိတဲ့ လူမျိုးစုတွေနှင့် အခြားနိုင်ငံရေး အုပ်စုကွဲတွေဟာ သူတို့ရဲ့ရပ်တည်ချက် ကိုယ်စီကို မလွတ်တမ်းကိုင်စွဲထားကြဆဲဖြစ်ပြီး ဒေသအစွဲ၊ လူမျိုးနွယ်စုအစွဲ၊ အုပ်စုအစွဲပြင်းပြင်းထန်ထန်နဲ့ ကိုယ့်လမ်းကိုယ်လျှောက်နေခဲ့ကြတာပါ။

ဆိုရရင် ဆိုင်ရီနေအေးကား ပြည်သူ့ကွန်ဂရက်ဟာ လစ်ဗျားနိုင်ငံရဲ့ ရှုပ်ထွေးနေတဲ့နိုင်ငံရေးဇာတ်ခုံပေါ်မှာ ကျယ်ပြန့်တဲ့ ဖြစ်စဉ် တစ်ရပ်အနေနှင့် ပါဝင်လာတယ်လို့ ဆိုနိုင်ပါတယ်။

ဆိုင်ရီနေအေးကား ပြည်သူ့ကွန်ဂရက်ရဲ့ တစ်ဖက်သတ်ကြေညာချက်ဟာ လက်ရှိလစ်ဗျားနိုင်ငံရဲ့ အစိုးရဖြစ်တဲ့ အမျိုးသား အသွင်ကူးပြောင်းရေးကောင်စီအတွက် ကြောက်မက်ဖွယ် ထိုးနှက်ချက်တစ်ရပ်ဖြစ်သလို မွမ်မာကဒါဖီအလွန် ခြောက်လအကြာမှာ နိုင်ငံပြိုကွဲမယ့် အရိပ်လက္ခဏာတစ်ရပ်လည်းဖြစ်တယ်လို့ နိုင်ငံတကာသတင်းဌာနတွေက ဆိုပါတယ်။

အဲဒီအတွက်ကြောင့် ဆိုင်ရီနေအေးကား ပြည်သူ့ကွန်ဂရက်ရဲ့ တစ်ဖက်သတ်ကြေညာချက်ကို လစ်ဗျားနိုင်ငံရဲ့ အမျိုးသား အသွင်ကူးပြောင်းရေးကောင်စီက အပြင်းအထန် ကန့်ကွက်ခဲ့ပါတယ်။

ဆိုင်ရီနေအေးကား ပြည်သူ့ကွန်ဂရက်ရဲ့ ကြေညာချက်ဟာ အလွန်အန္တရာယ်များပြီး လစ်ဗျားနိုင်ငံ အစိတ်စိတ်အမြွာမြွာ ပြိုကွဲဖို့အတွက် အော်ကြီးဟစ်ကျယ် တောင်းဆိုသံဖြစ်တယ်လို့ အမျိုးသားအသွင်ကူးပြောင်းရေးကောင်စီနိုင်ငံရေးကော်မတီ ဥက္ကဋ္ဌ ဖာတီဘာဂျာက ဝေဖန်ပြောဆိုခဲ့ပါတယ်။

ဆိုင်ရီနေအေးကား ပြည်သူ့ကွန်ဂရက်ရဲ့ ကြေညာချက်ဟာ ခေါင်းဆောင်ဟောင်း ကဒါဖီခေတ်မတိုင်မီ ၁၉၅၁ ခုနှစ်မှ ၁၉၆၃ ခုနှစ်အကြား လစ်ဗျားနိုင်ငံရဲ့အုပ်ချုပ်ပုံကို ပြန်အသက်သွင်းလိုသည့် သဘောတွေ့ရတယ်လို့ ဆိုပါတယ်။ အဲဒီကာလက လစ်ဗျားနိုင်ငံကို ဘုရင်စနစ်နဲ့ အုပ်ချုပ်ခဲ့ပြီး အနောက်ဘက်မှာ ထရီပိုလီတန်နီးယား၊ တောင်ဘက်မှာ ဖက်ဇမ်နှင့် အရှေ့ဘက်မှာ ဆိုင်ရီနေအေးကားဆိုပြီး ပြည်နယ်သုံးခု ကွဲပြားနေခဲ့ပါတယ်။

ဆိုရရင် ကဒါဖီအစိုးရအဖွဲ့ကို ဖယ်ရှားရေးဆိုတဲ့ ဘုံရပ်တည်ချက်နဲ့ ကွဲပြားတဲ့ လူမျိုးစုတွေ၊ လက်နက်ကိုင်အဖွဲ့တွေ စုစည်းတော်လှန်ခဲ့သော်လည်း အာဏာလေဟာနယ်ဖြစ်သွားပြီးတဲ့နောက် ကိုယ်ပိုင်မူဝါဒတွေ အသီးသီးဆုပ်ကိုင်ထားပြီး အုပ်စုကွဲတွေကြား အာဏာအဝေမတည့်ဖြစ်နေတဲ့ လစ်ဗျားနိုင်ငံမှာ အခြားဒေသတွေကလည်း ဆိုင်ရီနေအေးကား ပြည်သူ့ ကွန်ဂရက်လိုမျိုး ကြေညာချက်တွေ အသီးသီးထုတ်ပြန်ထင်ရာစိုင်းလာကြရင်ဖြင့် လစ်ဗျားနိုင်ငံရဲ့ အနာဂတ်အရေးဟာ ရင်မအေးဖွယ်အဖြစ်နဲ့ ကြုံရနိုင်ပါကြောင်း သတိပြုသင့်ခန်းစာယူဖွယ် ခေတ်ပြိုင် နိုင်ငံတကာရုပ်ပုံလွှာတစ်ရပ်ကို တင်ပြ အပ်ပါတယ်။

မတ် ၄ ရက် ရုရှားသမ္မတရွေးကောက်ပွဲ ဝန်ကြီးချုပ် ဗလာဒီမာ ပူတင် အောင်ပွဲခံ

မော်စကို မတ် ၆

မတ် ၄ ရက်တွင် ကျင်းပခဲ့သော ရုရှားသမ္မတရွေးကောက်ပွဲ၌ လက်ရှိဝန်ကြီးချုပ် ဗလာဒီမာပူတင်သည် ပြိုင်ဘက်သမ္မတလောင်းများအား ကျော်ဖြတ်အောင်ပွဲခံကာ ရုရှားသမ္မတရာထူး၌ တတိယအကြိမ်အဖြစ် တာဝန်ထမ်းဆောင်ခွင့်ရတော့မည် ဖြစ်သည်။

ရွေးကောက်ပွဲ၌ အောင်ပွဲခံနိုင်ခဲ့ပြီးနောက် ဝန်ကြီးချုပ် ဗလာဒီမာပူတင်သည် ကရင်မလင်နန်းတော်ပြင်ပတွင် စုရုံးရောက်ရှိနေသော ၎င်းအားထောက်ခံသူ ပြည်သူထောင်ပေါင်းများစွာကို ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ရုရှားနိုင်ငံပိုင် ရုပ်သံဌာနမှ ထုတ်ပြန်သော မဲစာရင်းများအရ ဝန်ကြီးချုပ်ပူတင်သည် သမ္မတရာထူးအတွက် ထောက်ခံမဲ ၅၈ မှ ၅၉ ရာခိုင်နှုန်းအထိ ရရှိခဲ့ပြီး ရုရှားကွန်မြူနစ်ပါတီမှ သမ္မတလောင်း ဂျင်နဒီ ဇူဂါနော့ဗ်မှာ ထောက်ခံမဲ ၁၈ ရာခိုင်နှုန်း ရရှိခဲ့ကြောင်း သိရသည်။

ကျန်ပြိုင်ဘက်များဖြစ်သည့် ရုရှားအမျိုးသားရေးဝါဒီ ဗလာဒီမှာ ဇိုင်ရင်နော့စကီး၊ ဆိုရှယ်လစ်ဝါဒီ ဆာဂျီမီရိုနော့ဗ် နှင့်သန်းကြွယ်သူဌေး မီခေးလ်ပရိုခိုရော့ဗ်တို့မှာ ထောက်ခံမဲ ရာခိုင်နှုန်း ဂဏန်းတစ်လုံးစီသာ ရရှိခဲ့ကြောင်း ရုရှားနိုင်ငံပိုင်ရုပ်သံဌာနက ထုတ်ပြန်ခဲ့သည်။

မတ် ၄ ရက် ရုရှားသမ္မတရွေးကောက်ပွဲ၌ ဝန်ကြီးချုပ် ဗလာဒီမာပူတင် အောင်ပွဲခံနိုင်ခဲ့သော်လည်း ယင်းရွေးကောက်ပွဲတွင် မသမာမှုများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားခဲ့ကြောင်း လေ့လာသူအချို့နှင့် ပူတင်၏ အတိုက်အခံများက စွပ်စွဲခဲ့ကြသည်။

ဝန်ကြီးချုပ် ဗလာဒီမာပူတင်သည် အမေရိကန်ပြည်ထောင်စုနှင့် ဥရောပသမဂ္ဂတို့၏ ဖိအားများအား ကြံ့ကြံ့ခံနိုင်စွမ်းရှိသော၊ သူရသတ္တိနှင့်ပြည့်စုံသော ခေါင်းဆောင်ဖြစ်ကြောင်း သမ္မတရာထူးအတွက် ထောက်ခံမဲပေးခဲ့သူ ရုရှားကျောင်းသားတစ်ဦးက မှတ်ချက်ချခဲ့သည်။ ***အင်တာနက်။***



အငြိမ်းစားမို့ မတိမ်းပါးစေလို

ဦးဟန်ညွန့်(ဥပဒေ)

အငြိမ်းစား

အသက်(၆၀)ပြည့်လျှင် နိုင်ငံ့ဝန်ထမ်းများ ပင်စင်ယူကြရပါသည်။ ကျွန်တော်လည်း အသက်(၆၀) ပြည့်ခဲ့ပြီ။ ကျွန်တော်သည် အငြိမ်းစားဝန်ထမ်းတစ်ဦး ဖြစ်ပါသည်။ နှစ်ပေါင်းလေးဆယ်နီးပါး ဝန်ထမ်းတာဝန် ထမ်းခဲ့ရသည်။ အငြိမ်းစားယူခဲ့သော်လည်း ကျန်းမာရေးကောင်းနေသေး၍ စိတ်အေးရသည်။

နာရေးသတင်း

မနက်မိုးလင်း သတင်းစာရောက်သည်နှင့် နာရေးသတင်း ဖတ်ရစမြဲ။ အလို. . . ငါတို့ သူငယ်ချင်းတွေထဲက၊ လုပ်ဖော်ကိုင်ဖက်တွေထဲက ဘယ်သူတွေ ကွယ်လွန်ကြပြီလဲ။ ကချင်ပြည်နယ်ဥပဒေအရာရှိ ဇော်မင်းအောင်တစ်ယောက် ပင်စင်ယူပြီး တစ်နှစ်အကြာ ဆုံးရှာသည်။ ဒီကောင်ကြီးက အငြိမ်းစားမယူခင်ကတည်းက ကျန်းမာရေး ချူချာသည်။ ပဲခူးတိုင်းဒေသကြီး ဒု-တိုင်းဥပဒေအရာရှိ ခင်မောင်ဦးလည်း ကွယ်လွန်ကြောင်း သတင်းစာမှာ ဖတ်ရပြန်သည်။ သူက ကျွန်တော်တို့နှင့် ကျောင်းနေဖက်၊ ပြောမနာဆိုမနာ။ ယမကာတော့ ကြိုက်သည်။ ကျန်းမာရေး သိပ်မလိုက်စား၊ ခင်မောင်ဦး မကွယ်လွန်မီ အိပ်ရာထဲ လဲနေတုန်းက စားစရာ သွားပို့ခဲ့သေးသည်။ နာရေးသတင်းဖတ်၍ ကောင်းရာသုဂတိလားပါစေဟု မေတ္တာပို့ရုံကလွဲပြီး ဘာမျှမတတ်နိုင်ပြီ။ သူများတွေ နာရေးဖတ်ပြီး ကိုယ်ရော ဘယ်တော့နာရေးသတင်းထဲ ပါမည်လဲ တွေးမိသည်။

စိတ်ရောရုပ်ပါ

အသက်(၆၀)ကျော်သော်လည်း စိတ်ရောရုပ်ပါ နုပျိုဆဲဟု ထင်မိသည်။ တစ်ခါတစ်ရံတော့လည်း အားငယ်မိသလို ခံစားရတာ ဓမ္မတာပါ။ အထူးသဖြင့် နံနက်မိုးလင်း ရုံးသွားချိန်ရောက်လျှင် ဘာလုပ်၍ ဘာကိုင်ရမှန်းမသိ။ နှစ်ပေါင်းလေးဆယ်နီးပါး ရုံးသွား၊ ရုံးတက်မို့ အိမ်မှာနေရသည်ကိုပင် မနေတတ် မထိုင်တတ် ဖြစ်မိသည်။ နောက်ဆုံးတော့ စာအုပ်စင်ရှေ့ရောက်ရသည်။ တစ်သက်လုံး စုဆောင်းသိမ်းဆည်းခဲ့သော စာအုပ်တွေ ပြန်ဖတ်ရမည်ပဲ။ ဥပဒေစာအုပ်တွေပဲ တွေ့နေမြင်နေရပြန်သည်။ တစ်သက်လုံး ဖတ်ခဲ့ရသော ဥပဒေစာအုပ်တွေကို သိပ်မဖတ်ချင်တော့ပေ။

ရှေ့နေ

အငြိမ်းစား ဥပဒေဝန်ထမ်းလည်းဖြစ်၊ တရားလွှတ်တော်ရှေ့နေတစ်ဦးလည်းဖြစ်နေပြန်၍ မိတ်ဆွေအပေါင်းအသင်းများက ရှေ့နေလိုက်ရန် ခေါ်ကြပြန်သည်။ မငြင်းသာ။ ရှမ်းပြည်နယ် တောင်ကြီးသို့ ရောက်သည်။ ပဲခူးတိုင်းဒေသကြီး ပြည်မြို့သို့ ရောက်သည်။ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့သို့ ရောက်သည်။ ကရင်ပြည်နယ် ဘားအံမြို့သို့ ရောက်သည်။ မူဆယ်၊ ပြင်ဦးလွင်၊ ပခုက္ကူ သထုံ အစုံရောက်သည်။ မိတ်ဆွေများ၊ တပည့်များ၊ မကင်းရာမကင်းကြောင်း အပေါင်းအသင်းများက အကူအညီတောင်းသည်များ များပါသည်။ ဥပဒေစာအုပ်တွေနဲ့ပဲ ငယ်ချစ်ဟောင်းများပမာ ပြန်ပေါင်းရပြန်သည်။

စာရေးဆရာ

ဝါသနာအလျောက် စာကလေး ပေကလေးရေးမိသဖြင့် စာရေးဆရာ ဖြစ်ရပြန်၏။ ဒေါက်တာချစ်စံ(စာရေးဆရာ ချစ်စံဝင်း) ဖိတ်ကြား၍ ချင်းတွင်းစာပေခရီး(၂၀၁၁)တွင် လိုက်ပါသွားခဲ့သည်။ မိမိတစ်ဦးတည်း ဘယ်လိုမှ မမျှော်မှန်းရဲခဲ့သော၊ ဝေးလံသော၊ ရောက်ဖို့မလွယ်သော ချင်းတွင်းဒေသသို့ ရောက်ခဲ့ရ၏။ ခန္တီးမြို့ နာဂတိုင်းရင်းသားများ နေထိုင်ရာ ဒေသအထိ ရေလမ်းခရီး ရောက်ခဲ့၏။ တိုင်းရင်းသားဘဝ လေ့လာခွင့်ရခဲ့၏။ အတွေ့အကြုံ ဆောင်းပါးတချို့ ရေးသားဖြစ်၏။ အချိန်ကုန်၍ ကုန်မှန်းမသိ။ ပင်စင်စား အငြိမ်းစား ပေမယ့် အလုပ်တွေများလှ၏။ ယား၍ပင် မကုတ်အား၊ စာပေဟောပြော၊ ပြည်သူ့ဘဝ လေ့လာ၊ ခရီးအတွေ့အကြုံ စာရေးဆရာ သတင်းစာဆရာများနှင့် စုပေါင်းဆွေးနွေး၊ တိုင်းရေးပြည်ရေးမှာ အငြိမ်းစားတစ်ဦးအဖြစ် ပါဝင်ခဲ့၏။ ပြန်/ဆက် ဦးစီးဌာန ညွှန်ချုပ်(အငြိမ်းစား) စာရေးဆရာ ချစ်နိုင်(စိတ်ပညာ)သည် အငြိမ်းစားတစ်ဦးဖြစ်သော်လည်း တက်တက်ကြွကြွ၊ ရွှင်ရွှင်လန်းလန်း ကျန်းကျန်းမာမာ စာပေတွေ ဟောပြော၊ ချင်းတွင်းစာပေခရီးဖော်အဖြစ် အားကျဖွယ် တွေ့ခဲ့မြင်ခဲ့ရပါ၏။ အခြားအငြိမ်းစားများလည်း ရှိမည်ဖြစ်ပါ၏။

၆၀ ကျော်များ၏ ကျန်းမာရေး

အသက်(၆၀)ကျော် ပင်စင်စားများ၏ ကျန်းမာရေးသည် ကောင်းသူရှိသလို ဆိုးသူတွေရှိပါ၏။ သွေးတိုးသူတိုး၊ ခေါင်းကိုက်သူကိုက်၊ ဒူးနာသူနာ၊ ဝသူဝ၊ ပိန်သူပိန်၊ အိမ်မကပ်ဘဲ လျှောက်သွားသူသွား၊ စိတ်ကျရောဂါ စွဲသူစွဲ၊ အိပ်ရာထဲ လဲနေသူလည်းရှိ၊ မည်သည့်အာဏာ၊ မည်သည့်လုပ်ပိုင်ခွင့်မျှ မရှိ၍ ရွှေထီးဆောင်းသည့် ကာလကိုလွမ်းသူလွမ်း၊ ကြမ်းတမ်းသောခရီးကို မလျှောက်ရဲသူပမာ မကျန်းမမာ ဖြစ်နေသူ ပင်စင်စားတချို့၊ အငြိမ်းစားတချို့ကို တွေ့ဖူးမြင်ဖူးပါ၏။ ထိုအခါ သူတို့သူတို့၏ ဘဝသည် မလှမပ ဖြစ်သွားတတ်ပါ၏။ အငြိမ်းစားမို့ တိမ်းပါးသွားလေမလား၊ အငြိမ်းစားမို့ မတိမ်းပါးစေလိုပါ။

လမ်းလျှောက်ခြင်း

အငြိမ်းစားဝန်ထမ်းတစ်ဦးသည် အနည်းဆုံးတော့ လမ်းလျှောက်ခြင်းဖြင့် ကျန်းမာရေးကောင်းစေပါ၏။ ငွေကုန်ကြေးကျလည်းမရှိ။ ပီတိချမ်းသာ၊ လေကောင်းလေသန့်ရကာ၊ အညောင်းအညာပြေပါ၏။ ပင်စင်စားတစ်ဦးမက ပင်စင်စား သုံးဦး၊ လေးဦးမှသည် ဆယ်ဦးအထိ စုပေါင်း၍ လမ်းလျှောက်ဖြစ်ကြ၏။ နံနက်တိုင်း ဆုံရပ်၊ စုရပ်သတ်မှတ်ပြီး လမ်းလျှောက်ကြ၏။ စကားတပြောပြောနှင့် မောရမှန်းပင် မသိ။ ရေဒီယိုတစ်လုံးနှင့် ပြည်တွင်းပြည်ပ သတင်း၊ နိုင်ငံရေး၊ စီးပွားရေးသတင်း၊ ရုပ်ရှင်လောက သိခွင့်ရ။ ကျန်းမာရေး လေ့ကျင့်ခန်းပင် လုပ်နိုင်ကြသေးသည်။ "ဘယ်သူဘယ်ဝါတွေ၊ ဘယ်ဌာနက ဆရာတွေတော့ သေရှာပြီ၊ ဒို့အလှည့် ဘယ်နေ့လဲ" ဟု သတင်းစာမဖတ်ဘဲ နာရေးသတင်းကြားနိုင်သေးသည်။ သေမင်းကိုတော့ ဘယ်သူမှ အန်မတုရဲဟုလည်း နေ့စဉ်ပြောကြသေးသည်။

အငြိမ်းစားများ

ပညာရေးဝန်ကြီး(ငြိမ်း)ဆရာကြီးပါမောက္ခ ဒေါက်တာကျော်စိန်က "ယခင်ကမူ သူများခေါ်သည့် အစည်းအဝေးတက်လိုက်၊ မိမိကိုယ်တိုင်ကလည်း အစည်းအဝေးခေါ်လိုက်၊ ယခုမူ ထိုသို့ မဟုတ်တော့ပြီ။ ဆရာဇန်းမော်တင်အောင် ရေးခဲ့သလို "ဘုန်းမောင်မှာတော့သာ တစ်ယောက်တည်းပဲ ရယ်နဲ့" ဖြစ်ခဲ့လေပြီဟု (၆၀) အရွယ် အမည်ရှိ စာအုပ်တွင် (၆၀) လွန်၊ မှတ်တိုင်များကို ကျော်ဖြတ်ခြင်း ဆောင်းပါး တစ်ပုဒ်ရေးထားသည်ကို ဖတ်ရသည်။ အသက် (၆၀) နောက်ပိုင်းတွင် မိမိ၏ ဝေယျာဝစ္စကိစ္စမှန်သမျှကို မိမိ ဘာသာ လုပ်သည်။ သူတစ်ပါးကို အားမကိုး၊ ခိုင်းစေခြင်းလည်းမပြုတော့။ (ဥပမာ၊ မိမိအဝတ်မိမိဘာသာ လျှော်ခြင်း၊ မိမိစားပြီး ပန်းကန် ခွက်ယောက် မိမိဘာသာ ဆေးခြင်း၊ အိပ်ရာခင်းခြင်း၊ အိပ်ရာ သိမ်းခြင်း စသည်) ထို့ပြင် ရာသီဥတုမရွေး၊ နံနက်တိုင်း ၃ မိုင်ခန့် လမ်းမှန်မှန် လျှောက်သည်။ နံနက်တစ်ခါ၊ ညနေတစ်ခါ ဘုရားရှိခိုး၊ ပုတီးစိပ်ပြီးတိုင်း ၁၅ မိနစ်ခန့် အာနာပါန အလုပ်စခန်းဝင်သည့်အတွက် အသက်မှန်မှန်ရှူပြီးသား ဖြစ်နေသည်။ စသဖြင့် ဆရာကြီး ဒေါက်တာကျော်စိန်၏ အတွေ့အကြုံများကို ဖတ်ရပြီး များစွာလေးစားမိပါသည်။

တရားရုံးချုပ်တရားသူကြီးလည်းဖြစ်၊ ဒုတိယရှေ့နေချုပ်အဖြစ် နှစ်ပေါင်းများစွာ နိုင်ငံ့တာဝန်ထမ်းခဲ့သော ဆရာဦးခင်မောင်အေးသည် အသက်(၈၀) အရွယ်တိုင် ကျန်းမာရေးကောင်းနေသေးသည်။ လူငယ်တွေနှင့် ဂေါက်သီးပြိုင်၍ ရိုက်နိုင်သေးသည်။ ဥပဒေရုံးများ ဗုဒ္ဓသာသနနုဂ္ဂဟ အသင်းတည်ရှိရာ ရွှေတိဂုံဘုရားရင်ပြင်သို့ တနင်္ဂနွေနေ့တိုင်း ဘုရားဝတ်တက် မပျက်။ ဥပဒေရေးရာ အုပ်ချုပ်ရေးရာများအကြောင်း၊ တပည့် ဥပဒေဝန်ထမ်းများနှင့် ဆွေးနွေးဆဲ၊ အကြံပြုဆဲ၊ မှတ်ဉာဏ်ကောင်းဆဲ၊ ကျန်းမာရွှင်လန်းဆဲ၊ တပည့်တွေအားကျ ဂုဏ်ယူဆဲဖြစ်ပါသည်။

နိုင်ငံခြားရေးဒုတိယဝန်ကြီးတာဝန် ထမ်းဆောင်ခဲ့သူ၊ စာရေးဆရာ မောင်ဆွေသက်ကလည်း "ကျွန်တော် အသက် ၇၀ ကျော်ပြီ၊ ၇၀ မှ အတန်ငယ်ကျော်၍ ၈၀ ဘက်သို့ ယိမ်းယိုင်လာပြီ။ အသက် ၇၀ ကျော်သည်အထိ ဂေါက်သီး ၁၈ ကျင်း ကစားသည်။ တစ်ခါတစ်ရံမှာ ၃၆ ကျင်း ကစားဖြစ်သေးသည်။ အသက် ၇၀ ကျော်မှ နိုင်ငံတော်တာဝန်က အနားယူသော ပင်စင်စားဘဝရောက်ရသည်။ အငြိမ်းစားယူပြီးသော်လည်း စာတွေကြိုးစားရေးသားသည်။ ဂျာနယ်တိုက်၊ မဂ္ဂဇင်းတိုက်တွေကို သွားသည်။ လူငယ်အယ်ဒီတာတွေနှင့် တွေ့သည်။ စသည်ဖြင့် အားရဖွယ် ဆောင်းပါးတစ်ပုဒ်ရေးထားသည်ကို ဂျာနယ်တစ်စောင်တွင် ဖတ်ရသည်။ ပင်စင်စားမို့၊ အငြိမ်းစားမို့ စိတ်ဓာတ်ကျဖို့မလို၊ အားငယ်ဖို့မလို၊ ကျရာတာဝန်၊ သင့်ရာအလုပ်၊ သင့်ရာဒေသမှာ တာဝန်ကျေရမည်ပင်။ ရာထူးအဆင့်နှင့်မဆိုင်၊ အသက်အရွယ်နှင့် မဆိုင်ပါ။

မတိမ်းပါးစေလို

အငြိမ်းစားမို့ မတိမ်းပါးစေလိုပါ။ သေမင်းကို အချိန်မရွေး ရင်ဆိုင်ရဲပါစေ။ အသင့်ဖြစ်နေပါစေ၊ ဘဝမှာ ကျေကျေနပ်နပ် ပေးဆပ်ခဲ့ပြီပဲ။ နိုင်ငံ့အကျိုး၊ အများအကျိုး သည်ပိုးခဲ့ပြီပဲ။ ခိုင်မြဲသော စိတ်ဓာတ်၊ မြင့်မြတ်သော ခံယူချက်ဖြင့် အသက်ရှင်နိုင်ကြပါစေကြောင်း. . . အငြိမ်းစားမို့ မတိမ်းပါး စေလိုပါကြောင်း. . .။ ။

ဂိမှာန်ရက်ပြောင်း မိန်ရာသီလတပေါင်း

တင်ထွဋ်(အစိုးရတိုင်းရင်းဆေး)

တပေါင်းလသည် မြန်မာပြက္ခဒိန်လများတွင် တစ်ဆယ့်နှစ်လမြောက် တစ်နှစ်တာကာလ၏ နောက်ဆုံးလဖြစ်ပြီး တပေါင်းလ၏ ပထမလဝက်ကာလသည် ဆောင်းရာသီတွင်ကျရောက်၍ ဒုတိယလဝက်ကာလသည် နွေရာသီတွင် ကျရောက်သဖြင့် တပေါင်းလသည် ဆောင်းရာသီ၏ အဆုံးဖြစ်သည့်နည်းတူ နွေရာသီ၏ အစ၊ ဆောင်းဟုလည်းမဆိုနိုင်၊ နွေဟူ၍လည်း မပီသေးသည့် စပ်ကူးမပ်ကူးအခါသမယ ဖြစ်၍ ထူးခြားသောလဟု ဆိုနိုင်ပေသည်။

တပေါင်းကို ပုဂံခေတ်ကျောက်စာတို့၌ တပေါင်ဟုခေတ်ရေးထုံးအတိုင်း ရေးသားခဲ့သည်ကို တွေ့ရှိရသည်။ အင်းဝခေတ်၌မူ ဝိသဇ္ဇနီရေးထုံးပေါ်လာပြီဖြစ်သဖြင့် ယခုခေတ်ရေးသားသကဲ့သို့ တပေါင်းဟု ရေးသားခဲ့ကြသည်။ ဗေဒင်အလိုအားဖြင့် တပေါင်းလကို မိန်ရာသီဟု ခေါ်သည်။ ငါးဟုအဓိပ္ပာယ်ရသည့် ပါဠိပုဒ် မိနမှမိန်ဟု ဖြစ်လာသည်။ အဓိပ္ပာယ်မှာ ငါးများရှင်မြူးကြိုက်နှစ်သက်သော ရာသီ(ဝါ) ငါး နှစ်ကောင်ရုပ်ရှိသောရာသီကို ဆိုလိုသည်။ စန်းယှဉ်နက္ခတ်မှာ ဥတ္တရဖလဂုနီဖြစ်သည်။ သရဖီပန်းကို တပေါင်းလ၏ ရာသီပန်းအဖြစ် အသိအမှတ်ပြုကြ၏။ တပေါင်းလတွင် မြစ်များ၊ ချောင်းများ ရေစစ်ကာ သောင်ခုံသဲပြင်များ ပေါ်ထွန်းလာသဖြင့် ရှေးအခါက သဲပုံစေတီတည်သည့် ရာသီပွဲကျင်းပလေ့ရှိကြသည်။ နေ့တာတို၍ ညတာရှည်သောရက်စုံလ ဖြစ်သည်။

ဤသည်တို့ကို အကြောင်းပြုလျက် စာဆိုမဟာအတုလမင်းကြီးက တပေါင်းလကို ဤသို့ဖွဲ့ဆိုခဲ့ပါသည်-

“မြိုင်ခြေငယ်သင်းပါလို့၊ အင်ကြင်းငယ်ရွှေဖီ၊
ဝတ်မှုန်ငယ်စီသည်၊ မြစ်နဒီသောင်တစ်ခိုက
မောင်မယ်ညီမြူးပြန်တော့တယ်လေ။”
“ရာသီမိန်ငယ်၊ ဂိမှာန်ရက်ပြောင်း၊
လ-တပေါင်းမို့ ရွက်ဟောင်းကြွေကာ
ဥတ္တရာနှင့်၊ ကြယ်မှာဘဒြပိုဒ်
လေးချက်ချိန်ကို၊ တိမ်ခြေဆိုက်လို့
စရိုက်ကယ်ဖွေရှာ၊ ကိုတံငါလည်း
ဘာသာတောင်တင်၊ ပျော်မြူးသာရွှင်တော့တယ်၊
သဘင်လှခါမီကို၊ သဲစေတီငွေသောင်ကမ်းက၊
လွမ်းလှတယ်လေး။”

တပေါင်းနှင့်ပတ်သက်၍ မြန်မာလအမည်များစာအုပ်တွင် “တ” ပုဒ်သည် တပို့တွဲ၊ တန်ခူးတို့၌ကဲ့သို့ ထန်းပုဒ်ပျက်ထန်းဟောပင်ဖြစ်ကြောင်း၊ “ပေါင်း”၏ အဓိပ္ပာယ်မှာ ချက်ခြင်း၊ ကျိုခြင်း၊ ပြုတ်ခြင်း၊ လှော်ခြင်း၊ ဖုတ်ခြင်းစသည်တို့ဖြင့် တစ်စုံတစ်ရာကို ကျက်နပ်စေသည်ဟု အဓိပ္ပာယ်ရကြောင်း၊ သာဓကေအားဖြင့် ကောက်ညှင်းပေါင်းသည်ဆိုရာ၌ ရေဆူသော အခိုးအငွေ့ဖြင့် ကျက်နပ်စေသကဲ့သို့ ငါးကိုပေါင်းသည်၊ ဝက်သားကိုပေါင်းသည်ဆိုရာ၌ ငါး၊ ဝက်သားတို့ကို တစ်စုံတစ်ရာတွင် ထည့်၍ ရေဖြင့်ပြုတ်ခြင်း၊ ချက်ခြင်းသာဖြစ်ကြောင်း၊ အဝတ်အထည်များကို ပေါင်းသည်ဆိုရာ၌လည်း ယင်းတို့ကို ရေတွင်ထည့်၍ ဆပ်ပြာစသည်ဖြင့် ပြုတ်ခြင်းပင်ဖြစ်ကြောင်း၊ ဤသို့ထန်းဟုအဓိပ္ပာယ်ရရှိသည့် “တ” ပုဒ်နှင့် ချက်ခြင်း၊ ပြုတ်ခြင်းဟု အဓိပ္ပာယ်ရှိသည့်“ပေါင်း” ပုဒ်တို့ကို တွဲဆက်လိုက်ပါက တပေါင်းဟူသော မြန်မာဘာသာသည် ထန်းချက်လ(ဝါ)ထန်းရည်ကို ထန်းလျက်ဖြစ်အောင် ကျိုချက်သောလဟု အဓိပ္ပာယ်ဖော်ညွှန်းပေသည်။

တပေါင်းလ၏ ရာသီခွင်သည် မိန်ရာသီဖြစ်ပြီး စန်းယှဉ်နက္ခတ်မှာ ဥတ္တရဂုနီကြယ်ဖြစ်ကြောင်းကို စာဆို ဦးပုညက ၎င်း၏ တပေါင်းလဖွဲ့တေးထပ်တွင် “မိန်ရာသီခါပြောင်းလို့၊ လတပေါင်းတူညီ၊ ကြယ်ပြုဗ္ဗ ဖလဂုနီငယ်၊ ရောင်စုံခြယ်ယှက်သန်း” ဟုလည်းကောင်း၊ ယင်းရာသီနှင့် စန်းယှဉ်နက္ခတ်များအပြင် နေမင်းကြီး၏ သွားလာလှုပ်ရှားပုံများကို အကြောင်းပြုလျက် ရာသီဖွဲ့လူးတားဆရာကြီး ဦးယာက “မြိုင်လုံးဝင်းပ၊ သည်မာသတွင်၊ ငွေပအရံ၊ တွင်းစံပတ္တမြား၊ လရထားနှင့်၊ လှည့်သွားထွန်းလာ၊ ဥတ္တရာမို့၊ ဖလဂုနီဟု၊ ပြည့်ညီတောက်ပ၊ စူဠလိပ်နန်း၊ ယှဉ်သန်းတာရာ၊ ဝင်းဝါပြောင်ပြောင်၊ အရောင်စိုစို၊ ဂဠုန်ဂြိုဟ်နှင့် ရွှေကိုယ်အတွင်း၊ ဖလ်ပြင်ကျင်း၍၊ နေမင်းသူရိယာ၊ လှည့်ခဲ့လာသော်၊ ပြုဗ္ဗရောင်မြိုက်၊ ဘဒြပိုဒ်နှင့်၊ ယှဉ်ဆိုက်တူသွား၊ ဖဝါးဇယ၊ မာသခါကောင်း၊ လတပေါင်း” ဟုလည်းကောင်း အသီးသီးရေးဖွဲ့ခဲ့ကြပေသည်။

တပေါင်းလ၏ ရာသီပွဲမှာ သဲပုံစေတီပွဲပင်ဖြစ်သည်။ ဤပွဲတော်ကား ဗုဒ္ဓဘာသာမှ ဆင်းသက်လာသည့် မြန်မာ့ယဉ်ကျေးမှုပွဲတော်ဖြစ်သဖြင့် မြန်မာနိုင်ငံတွင် ဗုဒ္ဓသာသနာ စတင်ထွန်းကားလာချိန်ကပင် ကျင်းပခဲ့သော ပွဲတော်အဖြစ် ယူဆရပေသည်။ ထိုပွဲတော်နှင့် စပ်လျဉ်းပြီး ကာလအားဖြင့် အစောဆုံးတွေ့ရှိရသည့် ရှေးဟောင်းစာပေကား အင်းဝခေတ်စာဆိုအကျော် ရှင်မဟာသီလဝံသဖွဲ့ဆိုခဲ့သည့် ဗုဒ္ဓုပ္ပတ္တိပျို့၊ တပေါင်းလဘွဲ့တွင်“ငါးတန်၊ ငါးကြင်း၊ ရွှေတစ်သင်းတို့၊ မြစ်တွင်းမြူးပျော်၊ စင်ရော်မြစ်တွေး၊ ချစ်သံလေးနှင့် ရေကျေးရေငှက်၊ စက္ကဝက် ဟသ်ာ၊ ငှက်တကာလည်း၊ ဘာသာကျူးကြော်၊ မြူးပျော်ကြတုံ၊ ငွေသောင်ခုံဝယ်၊ သဲပုံစေတီ၊ ပွဲတော်ပြီတည်း-”ဟု ဖွဲ့ဆိုထားသည်ကို တွေ့ရှိရာ အင်းဝခေတ်၌မူ သဲပုံစေတီပွဲတော်ကို ကျင်းပနေပြီဖြစ်ကြောင်း သေချာစွာ သိရှိရသည်။

ရှေးအခါက တောင်သူလယ်သမားဦးကြီးများ တည်ထားလေ့ရှိသော သဲပုံစေတီတော်များမှာ မူလတည်ထားစအချိန်တွင် အုတ်များဖြင့် မပြုလုပ်နိုင်ကြ၍ ရိုင်ပတ်ဆင့်ပြီး တည်ထားလေ့ရှိပါသည်။ ရိုင်ပတ်များကို မြင်းမိုရ်တောင်ရှိ အာလိန်ငါးဆင့်ပုံကို ရည်ရွယ်လျက် အဆင့်ငါးဆင့်တည်ဆောက်ကြသည်။ ထိုအာလိန်ငါးဆင့်တွင် သန့်စင်သော သဲများအပြည့်သိပ်ပြီးလျှင် တံခွန်၊ ကုက္ကားလှူဖွယ်ပစ္စည်းများဖြင့် ပူဇော်၍ အလှူအတန်းပွဲများ ပြုလုပ်ကြသည်။ ထို့နောက် နှစ်ကာလကြာလျှင် စေတီကို အုတ်တို့ဖြင့် ငုံလျက် စေတီကြီးအဖြစ်သို့ ဆက်လက်တည်ဆောက်ကြသည်ဟု ဆိုပါသည်။

သဲပုံစေတီတည်ထားကိုးကွယ်ခြင်းနှင့်စပ်လျဉ်း၍ ဗုဒ္ဓသာသနိကကျမ်းများ၌ ဖော်ပြထားခြင်းနှင့် ပတ်သက်ပြီး သဲပုံစေတီတော်ဖြစ်ပေါ်လာပုံသမိုင်းကို အပဒါန်ပါဠိတော် ပုလိနုပ္ပါဒက မထေရ်အပဒါန်တွင် ရှေးလွန်လေပြီးသော ကမ္ဘာတစ်သိန်းကာလ ဒေဝလမည်သော ရသေ့တစ်ပါးက ကျောင်းသင်္ခမ်းမှထွက်၍ သဲများကို စေတီပြုပြီး(ဝါ) သဲပုံစေတီတည်ပြီး ပန်းအမျိုးမျိုးတို့ဖြင့် ပူဇော်ခြင်းကို လည်းကောင်း၊ ပုလိနထူပိယမထေရ်အပဒါန်၌လည်း ပုလိနထူပိယမထေရ်အလောင်း နာရဒရှင်ရသေ့သည် ကျောင်းသင်္ခမ်းအနီးရှိ အမရိကမြစ်ငယ်၌ သဲပုံစေတီတော် တစ်ဆူတည်ပြီး ပူဇော်ခြင်းကိုလည်းကောင်း အသီးသီးဖော်ပြထားပေသည်။

တပေါင်းလပြည့်နေ့ကို “ဗုဒ္ဓပြည်တော်ဝင်အခါတော်နေ့” အထိမ်းအမှတ်အဖြစ် နှစ်စဉ်ကျင်းပကြသည်။ ယင်းသို့ ကျင်းပရခြင်းမှာ ကာဠုဒါယီမထေရ်က ထိုနေ့တွင် မြတ်စွာဘုရားအား ကပိလဝတ်နေပြည်တော်သို့ ကြွရောက်တော်မူပါရန် လျှောက်ထားသည်ကို အကြောင်းပြု၍ ကျင်းပရခြင်းဖြစ်ပါသည်။ ထိုအချိန်က မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေထိုင်တော်မူကာ အင်္ဂတိုင်းသားနှင့် မာဂဓတိုင်းသားတို့အား တရားရေအေးတိုက်ကျွေးလျက်ရှိစဉ် ထိုသတင်းကိုကြားသိသော ခမည်းတော်သုဒ္ဓေါဒနမင်းကြီးက မြတ်စွာဘုရားကို ပင့်ဆောင်ရန် ရာဇဂြိုဟ်ပြည်သို့ ခေါင်းဆောင်အမတ် ၁၀ ဦးတို့ကိုနောက်ပါအခြွေအရံတစ်ထောင်စီဖြင့် ၁၀ ကြိမ်ခွဲကာ စေလွှတ်လိုက်ပါသည်။

နောက်ဆုံးအသုတ်ကို ကာဠုဒါယီအမတ်ကြီးက ခေါင်းဆောင်၍ သွားခဲ့ရာ မြတ်စွာဘုရားထံသို့ ရောက်ရှိပြီး တရားနာကြားကြရသောအခါ ဘုရားပင့်ဆောင်သူအားလုံးမှာ ကပိလဝတ်သို့ မပြန်ကြတော့ဘဲ တစ်ယောက်မကျန် သာသနာ့ဘောင်သို့ ဝင်ရောက်ကြပြီး ဧဟိဘိက္ခုရဟန်းတွေချည်းဖြစ်ကုန်ကြပါသည်။ ယင်းသို့ ရဟန္တာဖြစ်ကြပြီးနောက် ကာဠုဒါယီမထေရ်က တပေါင်းလ၏ သာယာပုံကို ဂါထာအပေါင်း ၆၄ ဂါထာသီကုံး၍ မြတ်စွာဘုရားအား ခမည်းတော်၏ ကျေးဇူးကို သိရှိသောအနေဖြင့် မွေးရာဇာတိ ကပိလဝတ်နေပြည်တော်သို့ ကြွချိန်တန်ပြီဖြစ်ပါကြောင်း တပေါင်းလပြည့်နေ့တွင် လျှောက်ထားလေသည်။ ယင်းသို့လျှောက်ထားချက်အရ မြတ်စွာဘုရားသည် ရဟန္တာအရှင်သူမြတ်နှစ်သောင်းခြံရံလျက် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် တပေါင်းလပြည့်ကျော် ၁ ရက်နေ့တွင် ရာဇဂြိုဟ်ပြည်မှ ယူဇနာ ၆၀ ကွာဝေးသော ကပိလဝတ်နေပြည်တော်သို့ တစ်နေ့လျှင် တစ်ယူဇနာခရီးဖြင့် ရက်ပေါင်း ၆၀ တိုင်တိုင် နှစ်လကြာမျှ ဒေသစာရီကြွချီတော်မူခဲ့ပါသည်။

ယင်းသို့ မြတ်စွာဘုရား ကပိလဝတ်နေပြည်တော်သို့ ကြွချီတော်မူလာခြင်းဖြင့် သာသနာတော်သမိုင်းတွင် ဖြစ်ပေါ်လာသော အကျိုးဆက်များမှာ-

- (က) နိဂြောဓာရုံကျောင်းတော်ကြီးပေါ်ပေါက်လာခြင်း၊
- (ခ) သာကီဝင်မင်းမျိုးတို့၏ မာန်စွယ်ကို နုတ်ပယ်သောအားဖြင့် ပေါက္ခရဝဿမိုးကို ရွာသွန်းစေခြင်း၊
- (ဂ) ဂါထာတစ်ထောင်ဖြင့် တန်ဆာဆင်အပ်သော ဝေဿန္တရာဇာတ်တော်ကြီးကို ဟောကြားခြင်း၊
- (ဃ) မဟာဓမ္မပါလ ဇာတ်တော်ကြီးကို နာကြားရသဖြင့် ခမည်းတော် သုဒ္ဓေါဒနမင်းကြီး အနာဂါမ်တည်ပြီး နောင်အခါ အရဟတ္တဖိုလ်တည်ခြင်း၊ မိထွေးတော်ဂေါတမီ သောတာပန်တည်ခြင်း၊ နောင်အခါ ဘိက္ခုနီသာသနာထူထောင်ခွင့်ကြုံခြင်း၊
- (င) ယသောဓရာကို အကြောင်းပြု၍ စန္ဒကိန္နရီဇာတ်တော်ကြီး ဟောကြားခြင်း၊
- (စ) ဇနပဒကလျာဏီ၏ ကြင်ရာတော် နန္ဒမင်းသား ရဟန်းဖြစ်ခြင်း၊
- (ဆ) သားတော်ရာဟုလာ အမွေတောင်း၍ သာမဏေဘဝသို့ ရောက်ရှိခြင်း၊
- (ဇ) သာကီဝင်အမျိုးမှ မင်းသားတစ်ထောင် ရဟန်းဘောင်သို့ ရောက်ခြင်း၊
- (ဈ) ဆွေမျိုးတို့အား မြတ်စွာဘုရားကို ကြည်ညိုစေရန် စွမ်းဆောင်ရာ၌ အမြင့်မြတ်ဆုံးဘွဲ့ “ကုလပ္ပသာဒ” ဧတဒဂ်ကို ကာဠုဒါယီမထေရ်အား ချီးမြှင့်တော်မူခြင်း၊
- (ည) အရှင်သာရိပုတ္တရာ လျှောက်ထား၍ ဗုဒ္ဓဝင်ဒေသနာကို ဟောကြားတော်မူခြင်း စသည်တို့ ဖြစ်ပါသည်။

မြန်မာနိုင်ငံသာသနာ့သမိုင်းတွင် ပုဂံခေတ်မှသည် စစ်ကိုင်း၊ ပင်းယ၊ အင်းဝ၊ ကုန်းဘောင်ခေတ်သို့တိုင် ခေတ်အဆက်ဆက်၌ သာသနာကို ကြည်ညိုကြသော မင်းအစိုးရအဆက်ဆက်တို့အနေဖြင့် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂပဏ္ဍိတ၊ ဒိသာပါမောက္ခ သီရိမဟာစတုရင်္ဂဗလ၊ သုဓမ္မမဟာသာမိ၊ ရာဇဂုရု၊ မဟာဓမ္မရာဇာဂုရု၊ မဟာဓမ္မရာဇာဓိရာဇာဂုရု၊ ဓမ္မသေနာပတိအစရှိသော ဘွဲ့တံဆိပ်တော်များနှင့် ပထမစာတော်ချ၊ ဒုတိယစာတော်ချ၊ တတိယစာတော်ချ အစရှိသည့် ဘွဲ့တံဆိပ်တော်များကို သာသနာတွင် ထင်ရှားထူးခြားသော ဆရာတော်ကြီးများအား ဆက်ကပ်လှူဒါန်းခဲ့သည့်နည်းတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် တပေါင်းလပြည့်နေ့တိုင်း သာသနာတော်၌ ပရိယတ်၊ ပဋိပတ်တာဝန်များကို ထူးချွန်ပြောင်မြောက်စွာ ကြိုးပမ်းထမ်းရွက်တော်မူလျက်ရှိကြသည့် ပြည်တွင်းပြည်ပမှ ဆရာတော်၊ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများနှင့် ဗုဒ္ဓသာသနာတော်အား ထူးကဲစွာ လှူဒါန်းထောက်ပံ့ပူဇော်ကြသည့် ဥပါသကာ၊ ဥပါသိကာတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို နှစ်စဉ်ဆက်ကပ်လှူဒါန်းပူဇော်လျက်ရှိပေသည်။

သို့ဖြစ်ရာ ထေရဝါဒဗုဒ္ဓသာသနာထွန်းလင်းပြန့်ပွားလျက်ရှိသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး၌ တိုင်းရင်းသားပြည်သူများသည် ဤဆောင်းအကုန်နွေအကူး နွေဦးအစကာလ သာယာကြည်နူးဖွယ်ကောင်းလှသော ဤတပေါင်းလပြည့်နေ့ အခါသမယ၌ ဒါန၊ သီလ၊ ဘာဝနာများ ပွားများအားထုတ်ကြခြင်းဖြင့် ကုသိုလ်ကောင်းမှုများ ပြုလုပ်နိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရေးသားတင်ပြလိုက်ရပါသည်။ ။

အမြိုက်ချမ်းသာ ရစေသော

❖ မင်းလွင်မြူခိုး၊ တောင်ကိုမိုးလျက်
တောင်ရိုးတစ်ခွင်၊ ထက်ဝန်းကျင်၌
တိမ်မျှင်ဝေ့ဝေ့၊ တရွေ့ရွေ့တည့်
တိမ်ငွေ့ဝေဝေ၊ တိမ်ပန်းတွေနှင့်
လေပွေလေရူး၊ တောင်လေမြူးသည်
နွေဦးမိန်လ တပေါင်းတည်း။

❖ ရာသီကြက်ဆောင်း၊ မိန်တပေါင်းဝယ်
ထနောင်းစိုစို၊ မြရိပ်ညိုတည့်
သံချိုတွန်ကျူး၊ ဥဩမြူးကာ
ဖူးပွင့်ဝေစီ၊ ပန်းရွှေဖီနှင့်
ရိုးနီအင်ကြင်း၊ တောလုံးသင်းသည်
ဝင်းလဲ့ရွှေရည် တပေါင်းတည်း။

❖ တပေါင်းသာခေါင်၊ လများနောင်ဟု
ဂုဏ်ဆောင်ထင်ရှား၊ ခါတစ်ပါးဝယ်
သားဘုရားရှင်၊ ဖူးမြော်ချင်သည့်
ဖခင်သုဒ္ဓေါ၊ ထက်သန်ဇောကို
မနောကြည်ရွှင်၊ ဘုရားရှင်က
ဖခင်စံမြန်း၊ ကပိနန်းသို့
လှမ်းတော်မူကာ၊ ကြွချီလာပြီ
အခါလပြည့် တပေါင်းတည်း။

❖ သြော် . . . . .
ပြည်တော်ဝင်ရာ၊ အခါတော်နေ့
မွေ့လျော်ဖွယ်ကောင်း၊ လတပေါင်းဝယ်
ဆင့်လောင်းသဒ္ဒါ၊ ပွားတိုးလာပြီး
မြတ်စွာဘုရား၊ သက်ထင်ရှားသို့
ကိုးစားဂုဏ်ရည်၊ ဦးထိပ်တည်၍
ကြည်ညိုမြတ်နိုး၊ လက်အုပ်မိုးကာ
ရှိခိုးဦးခိုက်၊ ပူဇော်လိုက်သည်
အမြိုက်ချမ်းသာ ရစေသော။ ။

ရေနံ့သာမောင်ကျော်ညွန့်

တိုင်းရင်းဆေးတက္ကသိုလ် မန္တလေး ဆဋ္ဌမအကြိမ် ဘွဲ့နှင်းသဘင် ကျင်းပ

နေပြည်တော် မတ် ၆

တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး)၏ ဆဋ္ဌမအကြိမ် ဘွဲ့နှင်းသဘင် အခမ်းအနားကို မတ် ၄ ရက် နံနက် ၉ နာရီတွင် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာသန်းမောင်က ဘွဲ့တက်ရောက်ယူသူ ၁၂၆ ဦးနှင့် အဝေးရောက်ဘွဲ့ယူသူ ၁၄ ဦး စုစုပေါင်း ၁၄၀ အား မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့ (B.M.T.M) ကို အပ်နှင်းပြီး ဘွဲ့နှင်းသဘင်အခမ်းအနား မိန့်ခွန်းကို မြွက်ကြားသည်။

ယခုနှစ် ဆဋ္ဌမအကြိမ်အထိ မြန်မာ့တိုင်းရင်းဆေးပညာ ဘွဲ့ရပညာရှင် စုစုပေါင်း ၉၂၁ ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

တိုင်းရင်းဆေးတက္ကသိုလ် မန္တလေး၏ ဆဋ္ဌမအကြိမ် ဘွဲ့နှင်းသဘင် အခမ်းအနား ကျင်းပစဉ်။

(သတင်းစဉ်)

လယ်ယာစပါး ပြည့်အားထား တားဆီးကာကွယ် မီးရန်စွယ်

ရှမ်းပြည်နယ်တောင်ပိုင်းအတွင်း လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်လာရေးအတွက် အဆင့်မြင့်ပညာကဏ္ဍနှင့် သိပ္ပံနှင့် နည်းပညာကဏ္ဍ မြှင့်တင်ဆောင်ရွက်ပေးနိုင်မှုအခြေအနေ

* ရှမ်းပြည်နယ်သည် ကျယ်ဝန်းသော ပြည်နယ်တစ်ခုဖြစ်သည်။ ပြည်နယ်၏ အကျယ်အဝန်းအရ ဖွံ့ဖြိုးတိုးတက်မှု ကွက်လပ်မကျန်စေရေးအတွက် နိုင်ငံတော်က တောင်ကြီး၊ လားရှိုး၊ ကျိုင်းတုံနှင့် ပင်လုံဟူ၍ ဖွံ့ဖြိုးရေးဒေသကြီးလေးခု သတ်မှတ်ဖော်ဆောင်ပေးလျက်ရှိသည်။ အဆိုပါ ဒေသများတွင် တက္ကသိုလ်တစ်ခုစီ၊ နည်းပညာတက္ကသိုလ်တစ်ခုစီ၊ ကွန်ပျူတာတက္ကသိုလ်တစ်ခုစီ ထူထောင်ပေးခဲ့သည်။
* ရှမ်းပြည်နယ်တောင်ပိုင်းတွင် တောင်ကြီးမြို့နယ်နှင့် ပင်လုံမြို့ ပါဝင်ပြီး ထိုဒေသနှစ်ခု၌ ကွန်ပျူတာ၊ နည်းပညာနှင့် ဝိဇ္ဇာသိပ္ပံကျောင်း တစ်ကျောင်းစီ တည်ဆောက်ဖွင့်လှစ်ပေးထားသဖြင့် အသိပညာ၊ အတတ်ပညာ တတ်မြောက်သော လူ့စွမ်းအားအရင်းအမြစ်များ ပြည်နယ်အတွင်း တိုးပွားလာသည်။

ရှမ်းပြည်နယ်တောင်ပိုင်းရှိ ဒေသခံတိုင်းရင်းသား လူငယ်များအနေဖြင့် သိပ္ပံနှင့် နည်းပညာများကို ယခင်က မန္တလေးမြို့သို့ သွားရောက်သင်ယူဆည်းပူးကြရသော်လည်း ယခုအခါ တောင်ကြီးမြို့တွင် နည်းပညာတက္ကသိုလ်(တောင်ကြီး)ကို တည်ထောင်ဖွင့်လှစ်ပေးနိုင်သဖြင့် မိမိတို့ဒေသမှာပင် လက်လှမ်းတမီ ပညာဆည်းပူးခွင့်ရနေပြီဖြစ်သည်။

ရှမ်းပြည်နယ် တောင်ကြီးမြို့တွင် တည်ထောင်ဖွင့်လှစ်ပေးထားသော တောင်ကြီးတက္ကသိုလ်တွင် ဒေသခံတိုင်းရင်းသားပြည်သူများ အဆင့်မြင့်ပညာများကို အိုးမကွာ အိမ်မကွာ သင်ယူလျက်ရှိသည်။

အထူးဖွံ့ဖြိုးရေးဒေသကြီးအဖြစ် သတ်မှတ်ထားသော ပင်လုံမြို့တွင် ဒေသခံတိုင်းရင်းသားလူငယ်များ ဝိဇ္ဇာနှင့် သိပ္ပံဘာသာရပ်များ ဆည်းပူးနိုင်အောင် ပင်လုံတက္ကသိုလ်ကြီးကို တည်ဆောက်ဖွင့်လှစ်ပေးထားသည်။ (ယာပုံ)

ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်တွင် အေးသာယာစက်မှုမြို့ရှိပြီး ထိုဒေသတွင် နည်းပညာကောလိပ်ကို တည်ဆောက်ဖွင့်လှစ်ပေးနိုင်သဖြင့် ဒေသတွင်း စက်မှုနှင့် နည်းပညာစွမ်းအား ထွန်းကားလာမည်ဖြစ်သည်။ (ဝဲပုံ)

သတင်းမှတ်စု - မောင်ငြိမ်းအေး

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား နယူးဇီလန်နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့ တွေ့ဆုံ

နေပြည်တော် မတ် ၆

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား နယူးဇီလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ မာရေးမက်လ်ခူလီနှင့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၉ နာရီခွဲတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ ဗန်ကောက်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ နယူးဇီလန်နိုင်ငံသံရုံးမှ တာဝန်ရှိသူများနှင့် ဂျကာတာမြို့ နယူးဇီလန်နိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး မြှင့်တင်ရန်တို့အတွက် အမြင်ချင်းဖလှယ်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ဧည့်သည်တော်ဝန်ကြီးနှင့်အဖွဲ့အား သင်္ဂဟဟိုတယ်၌ နေ့လယ်စာဖြင့်တည်ခင်းဧည့်ခံသည်။

နယူးဇီလန် နိုင်ငံခြားရေးဝန်ကြီး အနေဖြင့် ၁၉၅၄ ခုနှစ် နိုဝင်ဘာလအတွင်း နှစ်နိုင်ငံသံတမန်ဆက်ဆံရေး တည်ထောင်ပြီးနောက် (၅၇)နှစ်ကျော်ကာလအတွင်း မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ် လာရောက်ခြင်းဖြစ်သည်။

(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား နယူးဇီလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ မာရေးမက်လ်ခူလီနှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

○ ပြည်သူ့လွှတ်တော်မှ

ပထမအကြိမ် ပြည်သူ့လွှတ်တော်ဒုတိယပုံမှန်အစည်းအဝေးမှစ၍ လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ကွယ်လွန်ပါက လွှတ်တော်ကိုယ်စားလှယ်များ၏တစ်ရက်စာနေ့တွက်စရိတ်ကို ကျန်ရစ်သူမိသားစုများအတွက် စုပေါင်းထောက်ပံ့ကူညီရန် သဘောတူခဲ့မှုအရ လွှတ်တော်ကိုယ်စားလှယ်များ၏ တစ်ရက်စာ နေ့တွက်စရိတ်အပါအဝင် ငွေကျပ်သိန်း(၄၀)ကို ကျန်ရစ်သူမိသားစုထံပေးပို့ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ဥပဒေကြမ်းတင်သွင်းခြင်းကဏ္ဍ၌ ပြည်သူ့လွှတ်တော် စီးပွားရေးနှင့်ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး ဦးခင်မောင်ဦးက **အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေကြမ်း**ကို လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးလှမင်းက **မသန်မစွမ်းဖြစ်သွားသော တပ်မတော်သားများနှင့် သေဆုံးသော သို့မဟုတ် ကျဆုံးသော တပ်မတော်သားများ၏ မိသားစုများအား ထောက်ပံ့စောင့်ရှောက်ရေးဥပဒေကြမ်း**ကို လည်းကောင်း တင်သွင်းကြသည်။

ယင်းဥပဒေကြမ်း(၂)ခုနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီဝင်များဖြစ်ကြသည့် ဦးအောင်မြသန်းနှင့် ဦးခင်မောင်ရွှေတို့က ဖတ်ကြားရှင်းလင်းပြီး ဆွေးနွေးမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်ကြောင်း၊ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏"အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ"ကို တိတိကျကျဖော်ပြ၍ မတ်လ ၈ ရက် မွန်းလွဲ ၁ နာရီ နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းနိုင်ကြောင်းသိရသည်။

ဥပဒေကြမ်း အတည်ပြုခြင်းကဏ္ဍတွင် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်က **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာကိုတင်သွင်းပြီး ဥပဒေကြမ်းပါ နိဒါန်း၊ အခန်း (၁၊ ၂၊ ၃၊ ၄၊ ၅)ပါ အပိုဒ်၊ အပိုဒ်ခွဲ၊ အပိုဒ်ခွဲငယ်တို့သည် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ထားသည့်အတိုင်း ပြည်သူ့လွှတ်တော်က အတည်ပြုသည့်အတွက် အမျိုးသားလွှတ်တော်က အတည်ပြုချက်ဖြင့် ပေးပို့သော **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကြမ်း**တစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုဆုံးဖြတ်သည်။

ယနေ့အစည်းအဝေးကို မွန်းလွဲ ၂ နာရီခွဲတွင် ရပ်နားပြီး အစည်းအဝေးဒသမနေ့ကို မတ်လ ၈ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

လာရောက်တွေ့ဆုံ

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်အား ကိုရီးယားသမ္မတနိုင်ငံသံရုံးမှ စီးပွားရေးသံမှူး Mr. Park Chulho နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၇-၃-၂၀၁၂ (ဗုဒ္ဓဟူးနေ့)
(၁၃၇၃ ခုနှစ်၊ တပေါင်းလပြည့်နေ့) (ဥပုသ်နေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ ပရိတ်တရားတော် ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
- ၇း၄၀ ၂။ မင်းကွန်းဆရာတော်ကြီး၏ ဒိသာဖရဏမေတ္တာပို့ ဓမ္မပူဇာတေး
- ၈း၃၀ ၃။ (၆၇)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၈း၄၅ ၄။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာမေတ္တာ ဘာဝနာပွားများခြင်း တရားတော်

ညပိုင်း

- ၄း၂၀ ၁။ ပြန်ကြားရေးဝန်ကြီးဌာန နိုင်ငံတော်ဆိုင်းဝိုင်းကြီးနှင့် နိုင်ငံတော်သံစုံတီးဝိုင်းတွဲဖက် ဖျော်ဖြေတင်ဆက်မှုအစီအစဉ်
- ၄း၄၀ ၂။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (မြန်မာစာ အထူးပြု) (မြန်မာစာ)
- ၅း၀၅ ၃။ လေးဆူဓာတ်ပျော်ရွှေဆံတော်
- ၅း၄၀ ၄။ (၆၇)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၆း၂၀ ၅။ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
- ၆း၃၀ ၆။ ရွှေရင်ခုန်သံ
- ၆း၅၅ ၇။ "ဒီမိုမွေးနေ့" (ရှက်တယ်၊ နိုင်လူ၊ ဦးရဲအောင်၊ ဇော်ဝင်းနိုင်၊ အေးအေးခိုင်၊ အိဖြိုးချယ်ရီ) (ဒါရိုက်တာ-အကယ်ဒမီဇော်မြင့်ဦး)
- ၇း၅၀ ၈။ "စိုက်ပျိုးရေးအားမာန် ကညင်ရေလှောင်တမံ"
- ၈း၀၀ ၉။ ပြည်တွင်းသတင်း
- ၁၀။ နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ်
- ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆုံး" (အပိုင်း-၃၇)
- ၁၃။ သီတဂူဆရာတော်ဒေါက်တာ အရှင်ဉာဏိဿရ၏ နွေဦးဆောင်းနှောင်း လတပေါင်း(အပိုင်း-၂)

ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်အား ကိုရီးယားစီးပွားရေးသံမှူးတွေ့ဆုံ

နေပြည်တော် မတ် ၆

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်အား ကိုရီးယားသမ္မတနိုင်ငံသံရုံးမှ စီးပွားရေးသံမှူး Mr. Park Chulho နှင့်အဖွဲ့သည် ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမဆောင်၌ လာရောက်တွေ့ဆုံပြီး နေပြည်တော်၌ ၆-၄-၂၀၁၂ ရက်၌ ကျင်းပမည့် မြန်မာ-ကိုရီးယား စီးပွားရေးဖိုရမ် ကျင်းပရေးနှင့် စပ်လျဉ်း၍ လည်းကောင်း၊ နှစ်နိုင်ငံအကြား စီးပွားရေးရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ လည်းကောင်း ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ သမ္မတရုံးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် တက္ကသိုလ်ဝင်စာမေးပွဲ ကြီးကြပ်ရေးမှူးများအား တွေ့ဆုံမှာကြား

နေပြည်တော် မတ် ၆

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်သည် ပြည်နယ်ဝန်ကြီးများနှင့်အတူ မတ် ၄ ရက် နံနက် ၉ နာရီတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်ပညာရေးမှူးနှင့် လက်ထောက်ပြည်နယ်ပညာရေးမှူးများ၊ ပလက်ဝမြို့နယ်အပါအဝင် ပြည်နယ်အတွင်းရှိ မြို့နယ်ပညာရေးမှူးများ၊ ၂၀၁၂ ခုနှစ် ရခိုင်ပြည်နယ် တက္ကသိုလ်ဝင်စာမေးပွဲကြီးကြပ်ရေးမှူးများအား တွေ့ဆုံမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

မိုးအနည်းငယ်ရွာသွန်းခဲ့မှုကြောင့် အလောင်းတော်ကဿပ ခရီးသွားလမ်းတွင် သွားလာရေး ခက်ခဲကြန့်ကြာမှုများဖြစ်ပေါ်

ရန်ကုန် မတ် ၆

ပြီးခဲ့သည့် ရက်ပိုင်းအတွင်း မိုးအနည်းငယ် ရွာသွန်းခဲ့မှုကြောင့် အလောင်းတော်ကဿပ ခရီးသွားလမ်းတွင် သွားလာရေး ခက်ခဲကြန့်ကြာမှုများ ဖြစ်ပေါ်ခဲ့ကြောင်း ဘုရားဖူးခရီးသွားများထံမှ သိရသည်။

အချိန်အခါမဟုတ် ရွာသွန်းခဲ့သောမိုးကြောင့် အလောင်းတော်ကဿပ ဘုရားဖူးခရီးစဉ်တွင် ဘုရားဖူးခရီးသွားအချို့ သွားလာရန်ခက်ခဲမှုများဖြစ်ပေါ်ခဲ့ပြီး ခရီးစဉ်တစ်ဝက်နှင့် ပြန်လှည့်ခဲ့ရသူများ၊ အချို့မှာ တောင်ပေါ်တွင် ညအိပ်၍ စောင့်ဆိုင်းခဲ့ရမှုများရှိခဲ့ကြောင်း သိရသည်။ **(အောက်ယာပုံ)**

အလောင်းတော်ကဿပ ဘုရားဖူးခရီးစဉ်သည် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့မှတစ်ဆင့် သွားရောက်ရခြင်းဖြစ်ပြီး သဘာဝဘေးမဲ့တောနှင့် တောင်ပေါ်သို့ တက်ရောက်ခြင်းမပြုမီ ကပိုင်ကျေးရွာမှ မိုင် ၂၀ ခန့် ကွာဝေးသော ခရီးစဉ်တစ်ခု ဖြစ်ကြောင်း သိရသည်။ ကပိုင်ရွာသည် နောက်ဆုံးဆုံမှတ်ကျေးရွာဖြစ်ပြီး ထိုရွာကို ကျော်လွန်ပါက တောလမ်းခရီးကိုဖြတ်သန်းမောင်းနှင်ရသော ခရီးစဉ်တစ်ခုလည်း ဖြစ်သည်။ သွားလာရေးနှင့် လမ်းပန်းဆက်သွယ်မှု ခက်ခဲသောကြောင့် အချိန်အခါမဟုတ် မိုးရွာသွန်းမှုများရှိသောအခါ မော်တော်ယာဉ်များကို ဖြတ်သန်းမောင်းနှင်ခွင့်မပြုဘဲ ညအိပ်စောင့်ဆိုင်းရခြင်း၊ ခရီးစဉ်တစ်ဝက်နှင့် လှည့်ပြန်ရခြင်းများလည်းရှိကြောင်း သိရသည်။ **(ဝဲပုံ)**

"အလောင်းတော်ကဿပကို သွားတဲ့အခါ ကပိုင်ရွာက နောက်ဆုံးရွာပဲ။ အဲဒါကျော်ရင် ရွာမရှိတော့ဘူး။ ကပိုင်မှာ ဂိတ်စခန်းတစ်ခုရှိတယ်။ တောင်ပေါ်ကို စတက်တော့မယ့် နတ်တောင်ထိပ်မရောက်ခင် ဂုံညင်းပင်စခန်း ဂိတ်စခန်းတစ်ခုရှိတယ်။ မိုးရွာလို့ လမ်းချော်တဲ့အခါ အဲဒီဂိတ်တွေကနေ ကားတွေကို ပေးမဖြတ်တော့ဘူး။ တောထဲတောင်ထဲရောက်မှ အခက်အခဲဖြစ်မှာစိုးလို့။ မိုးရွာတဲ့အခါ မြေသားကချော်ပြီး စလစ်ဖြစ်တတ်တယ်။ တစ်ခါတလေ အတက်၊ အဆင်းကားတွေ ပိတ်နေရင်၊ ကားတွေချော်နေရင် ဆင်နဲ့ဆွဲရတဲ့အခါလည်းရှိတယ်။ ဒါကြောင့် အောက်ဂိတ်တွေကနေ ပေးမဖြတ်တော့တာ။ တောင်ပေါ်မှာက ဂိတ်စခန်းတစ်ခု ရှိတယ်။ မိုးရွာတဲ့အခါ တောင်ပေါ်ဂိတ်ကနေလည်း ကားတွေမလွှတ်တော့ဘူး။ တောင်ပေါ်ကကားတွေ ဆင်းမလာတော့ တောင်အောက်ကကားတွေလည်း တက်လို့မရဘူး။ ဒါကြောင့် တစ်ခါတလေ ညအိပ်ရတာ၊ လှည့်ပြန်ရတာတွေ ဖြစ်တတ်ပါတယ်။ ဘုရားဖူးတွေကတော့ ခက်ခက်ခဲခဲ လာကြရတာဆိုတော့ ပြန်မလှည့်ချင်ကြဘူး"ဟု ကပိုင်ရွာသားတစ်ဦးက ရှင်းပြသည်။

ပြီးခဲ့သည့် မတ်လ(၂၊ ၃၊ ၄)ရက်များတွင် အစိုးရရုံးပိတ်ရက်များဆက်ခဲ့ပြီး နွေရာသီကျောင်းပိတ်ရက်ဖြစ်သည့်အတွက် အလောင်းတော်ကဿပဘုရားဖူးခရီးသည်များ အထူးများပြားခဲ့သည်ဟု သိရသည်။ သို့ရာတွင် မတ် ၃ ရက်က အချိန်အခါမဟုတ် မိုးရွာသွန်းခဲ့မှုများကြောင့် ဘုရားဖူးခရီးသွားများ သွားလာမှု ခက်ခဲကြန့်ကြာမှုများဖြစ်ပေါ်ခဲ့သည်ဟု သိရသည်။ ထိုရက်မတိုင်မီ သွားရောက်ခဲ့သော ဘုရားဖူးခရီးသည်အချို့မှာလည်း တောင်ပေါ်တွင် ညအိပ်စောင့်ဆိုင်းခဲ့ရမှုများရှိခဲ့ကြောင်း သိရသည်။ အလောင်းတော်ကဿပဘုရားဖူးခရီးစဉ်သည် သတ်မှတ်အချိန်ကာလတစ်ခုအတွင်းတွင်သာ သွားရောက်နိုင်သော ခရီးစဉ်တစ်ခုဖြစ်သည့်အတွက် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရန် ခရီးသွားတို့က ဆန္ဒရှိနေကြသည်။ တပို့တွဲလပြည့်နေ့နှင့် တပေါင်းလပြည့်နေ့များတွင် ဘုရားဖူးခရီးသည် ပိုမိုများပြားကြောင်း သိရသည်။ **(ဆုနှင်းလှဲ့)**



✳ ပထမအကြိမ်မှ

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးညဏ်လင်းက မူလတန်းအဆင့်သည် အခြေခံအရေးကြီးဆုံးအဆင့်ဖြစ်သည့်အတွက် မူလတန်းဆရာ ဆရာမများကို စနစ်တကျရွေးချယ်ရေး၊ ကလေးဗဟိုပြု ချဉ်းကပ်သင်ယူမှု သင်ကြားနည်းစနစ်ကို ယခုထက် ပိုမိုအလေးထားရေး၊ ပညာရည်မြင့်မားရေးအတွက် စာမေးပွဲစနစ်ကို ပြန်လည်သုံးသပ်ရေးနှင့် အင်္ဂလိပ်စာအရည်အသွေး မြင့်မားရေးတို့နှင့် စပ်လျဉ်း၍ဆွေးနွေးပြီး အဆိုကို ထောက်ခံပါကြောင်းဖြင့် ပြောကြားသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစိုင်းသန့်ဇင်က စာမေးပွဲဦးတည်လေ့ကျင့်မှုများမှ အရည်အသွေးရှိသည့် နိုင်ငံသားများဖြစ်လာနိုင်ရန် လေ့ကျင့်ရေး၊ လက်ရှိခေတ်စနစ်နှင့်ကိုက်ညီပြီး လက်တွေ့ကျသည့် သင်ကြားမှုစနစ်ပါဝင်ရေး၊ ကလေးဗဟိုပြုသင်ကြားနည်းစနစ်ကို အမှန်တကယ် သင်ကြားနိုင်မည့် ဆရာများ လေ့ကျင့်မွေးထုတ်ရေးတို့ကို ဆောင်ရွက်သင့်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည်က သင်ကြားရေးအပိုင်းနှင့် ဆရာ ဆရာမများ၏အပိုင်းကို ဆွေးနွေးလိုကြောင်း၊ သင်ကြားရေးအပိုင်းတွင် ကလေးဗဟိုပြုချဉ်းကပ် သင်ကြားနည်းစနစ်ကို အမှန်တကယ်သင်ကြားပေးဖို့ လိုအပ်ပါကြောင်း၊ ဆရာ ဆရာမများက ကလေးများကို စာပေသင်ကြားပေးသည်သာမက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ၎င်းတို့စိတ်ပါဝင်စားသည့် အားကစားတစ်ခုခုကို လိုက်စားလေ့ကျင့်ရေးတို့အတွက် လက်တွေ့ဆောင်ရွက်ပေးရန်လိုအပ်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးနုက ပညာရေးဖြင့်ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးတည်ဆောက်ရာတွင် ပညာရေးကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ပေးနေသည့် ဆရာ ဆရာမများ၏ အခန်းကဏ္ဍသည် လွန်စွာအရေးကြီးသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ဆရာ ဆရာမများအနေဖြင့် နောင်လာမည့်မျိုးဆက်သစ်ကလေးများကို မှန်ကန်သည့် အသိပညာများ သင်ကြားပေးနေရခြင်းအား တန်ဖိုးထားသည့် စိတ်ဓာတ်ကို လေ့ကျင့်ပျိုးထောင်ပေးရမည်ဖြစ်ပါကြောင်း၊ လက်ရှိပညာရေး နှစ်(၃၀) စီမံကိန်း ရည်မှန်းချက်၌ ၂၀၀၅ ခုနှစ်တွင် မူလတန်းအဆင့်၊ ၂၀၁၅ ခုနှစ်တွင် အလယ်တန်းအဆင့်၊ ၂၀၃၀ ပြည့်နှစ်တွင် အထက်တန်းအဆင့် ပညာအရည်အချင်းမျိုး နိုင်ငံသားတိုင်းတတ်သိစေရန် ရည်မှန်းထားပါကြောင်း၊ ကျန်းမာကြံ့ခိုင်ပြီး ပညာရည်မြင့်မားသော လူငယ်လူရွယ်များအဖြစ် အခြေခံပညာကျောင်းများမှ စတင်ပြုစု ပျိုးထောင်ရေး၊ မှန်ကန်သောယုံကြည်ချက်နှင့် အသိအတွေးမွေးမြူပေးနိုင်မည့် ပညာရေး ပြုပြင်ပြောင်းလဲ မြှင့်တင်ရေးတို့ကို အလေးအနက်ထား အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် အရေးကြီးပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဝင်းမောင်က မြန်မာနိုင်ငံတွင် အမျိုးသား ပညာရည်မြင့်မားရေး နှစ်(၃၀)နှစ်ရှည်စီမံကိန်းကို ၂၀၀၁-၂၀၀၂ ဘဏ္ဍာနှစ်မှစ၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ စီမံကိန်းရေးဆွဲရာတွင် အခြေခံပညာအခန်းကဏ္ဍပါရှိသကဲ့သို့ အဆင့်မြင့်ပညာ အခန်းကဏ္ဍလည်း ပါရှိပါကြောင်း၊ ထို့ပြင် မြန်မာစာအဖွဲ့ဦးစီးဌာန၊ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်များအဖွဲ့နှင့် မြန်မာနိုင်ငံ စာစစ်အဖွဲ့ စသည်တို့၏လုပ်ငန်းရပ်များလည်းပါရှိပါကြောင်း၊ စီမံကိန်းအရ မြန်မာ့သင်ရိုးညွှန်းတမ်းကို ကမ္ဘာ့အဆင့်မီစေရန်နှင့် အာဆီယံအဆင့်နှင့် တူညီစေရန် ရေးဆွဲထားလျက်ရှိကြောင်း၊ ယခု သင်ရိုးညွှန်းတမ်းနှင့် မာတိကာများရေးဆွဲရာတွင် စီမံကိန်းနှင့်အညီ ကမ္ဘာ့အဆင့်လည်းမီ မြန်မာ့ပညာရေးစနစ်နှင့်လည်း ကိုက်ညီပြီး ကျောင်းသား ကျောင်းသူများ အတွက်လည်း လက်တွေ့ကျကျအသုံးပြုရန် အကြံပြုလိုပါကြောင်း၊ လုပ်ငန်းစဉ်များကို စိတ်ပါဝင်စားစွာဖြင့် ထိထိရောက်ရောက် အကောင်အထည်ဖော်ကြမည်ဆိုလျှင် ဆရာ ဆရာမများ အမှန်တကယ် အရည်အသွေး မြင့်မားလာမည်ဖြစ်သကဲ့သို့ မြန်မာနိုင်ငံ၏ ပညာရေးအဆင့်သည်လည်း မြင့်မားလာမည် ဖြစ်ပါကြောင်း၊ ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုဆောင်ရွက်ရာတွင် ပညာရေးဝန်ထမ်းများ၊ အခြေခံအဆင့်နှင့်အဆင့်မြင့်အဆင့်တို့မှ ဆရာ ဆရာမများ ပါဝင်ပူးပေါင်းအကောင်အထည်ဖော်ကြရန် လိုအပ်မည်ဖြစ်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်းက မိမိတို့၏ အိမ်နီးချင်းနိုင်ငံများတွင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဆောင်ရွက်နေသကဲ့သို့ မိမိတို့နိုင်ငံတွင်လည်း ဤသို့ဖြစ်ရန် လက်တွေ့လုပ်ဆောင်ရန် လိုအပ်ပါကြောင်း၊ ကျေးလက်ဒေသများတွင် မူလတန်း ဆရာ ဆရာမများ အင်အားနည်းနေသည့်အပြင် ကျောင်းသားကျောင်းသူများအား အမှန်တကယ် တတ်မြောက်အောင် သင်ကြားပေးနိုင်ခြင်း မရှိသည်ကိုတွေ့ရပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျေးလက်ဒေသကျောင်းများသို့ မည်သို့ပံ့ပိုးပေးရေးနည်းလမ်းကို ရှာဖွေရန်လိုအပ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများ ကျူရှင်ကိုအားမကိုးဘဲ ကျောင်း၌ပင် သင်ခန်းစာအပြည့်သင်ကြားပေးရန် ကျောင်းမှ စီစဉ်ပေးသင့်ကြောင်း၊ အခြားနိုင်ငံများတွင် ကျင့်သုံးနေသည့် ပညာရေးစနစ်ကိုလေ့လာပြီး ပြုပြင်ပြောင်းလဲပေးရန်လိုအပ်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက ပညာရည်အဆင့်အတန်းမြင့်မားရေးအတွက် ပညာရေးတက္ကသိုလ်များနှင့် ပညာရေးကောလိပ်များတွင် လုပ်ငန်းခွင်အကြို ဆရာအတတ်သင်တန်းများ ဖွင့်လှစ်ပေးပြီး သင်တန်းဆင်းများကို လုပ်ငန်းခွင်နေရာချထားပေးလျက်ရှိပါကြောင်း၊ အခြေခံပညာအဆင့်အလိုက် ဆရာ ဆရာမများအား သင်ကြားမှုစွမ်းရည် မြင့်မားရေး သင်တန်းများကို တက်ရောက်စေ၍ ပညာရှင်အဆင့် တိုးမြှင့်သတ်မှတ်ပေးလျက်ရှိပါကြောင်း၊ ဆရာအတတ်ပညာ အရည်အသွေး မြင့်မားရေးအတွက် နွေရာသီတွင် ကျောင်းအုပ်ချုပ်မှုသင်တန်း၊ ဘာသာရပ်မွမ်းမံ သင်တန်းများကို ဖွင့်လှစ်ပို့ချပေးလျက်ရှိပါကြောင်း။

သင်ကြားသင်ယူမှု ပတ်ဝန်းကျင်ပြည့်စုံကောင်းမွန်ရေးအတွက် အခြေခံပညာကျောင်းများ တိုးမြှင့်ဖွင့်လှစ်ပေးခြင်း၊ ဥပဓိရုပ်မကောင်းသော ကျောင်းများအား ပြုပြင်မွမ်းမံပေးခြင်း၊ အသစ်ဆောက်လုပ် ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ပါ၍ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် အခြေခံပညာအထက်တန်းကျောင်း(၅၇)ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) (၈၀)၊ အခြေခံပညာအလယ်တန်းကျောင်း (၇၆) ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) (၁၈၇)ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း (၁၇၆)ကျောင်းနှင့် အခြေခံပညာမူလတန်းကျောင်း(ခွဲ) (၃၆)ကျောင်းတို့ကို အဆင့်တိုးမြှင့်ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါကြောင်း။

ကျောင်းဆောင်သစ်များ မွမ်းမံပြင်ဆင်ခြင်း၊ အသစ်ဆောက်လုပ်ခြင်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် သာမန်အသုံးစရိတ်ကျပ်(၁၇၅၁၃ ဒသမ ၃၂၅) သန်းနှင့် ငွေလုံးငွေရင်းအသုံးစရိတ် ကျပ်(၂၅၂၀၂ ဒသမ ၈၆)သန်းကို သုံးစွဲခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့အတူ မိဘပြည်သူများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ပရိဘောဂနှင့် ကျောင်းသုံးပစ္စည်းများ ဖြည့်ဆည်းပေးခြင်း၊ သိပ္ပံပစ္စည်းများ၊ ဓာတ်ဆေးများ၊ သင်ထောက်ကူပစ္စည်းများ၊ မီဒီယာသုံးပစ္စည်းများ ဖြည့်ဆည်းပေးခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း။

ကလေးဗဟိုပြု ချဉ်းကပ်သင်ယူမှု (Child-centered Approach-CCA) ပုံစံသို့ မြှင့်တင်သင်ကြားပေးနိုင်ရေးအတွက် ယူနီဆက်အဖွဲ့နှင့် ပူးပေါင်းပြီး ကလေးပျော်ကျောင်း (Child Friendly School-CFS) စီမံချက်ကို ဆက်လက်ဆောင်ရွက်လျက်ရှိသကဲ့သို့ JICA အဖွဲ့နှင့် ပူးပေါင်း၍ CCA စီမံချက်ကို ၂၀၀၄ ခုနှစ် ဒီဇင်ဘာလမှစတင်ဆောင်ရွက်ခဲ့ရာ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် စုစုပေါင်း မြို့နယ် (၆၀)၌ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း။

တစ်နိုင်ငံလုံး အတိုင်းအတာအရ ကလေးဗဟိုပြုချဉ်းကပ်သင်ယူမှုပုံစံဖြင့် လေ့ကျင့်သင်ကြားပေးနိုင်ရေးအတွက် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် (၉၃) မြို့နယ်၊ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် (၈၉)မြို့ နယ်၊ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် (၇၃)မြို့နယ်၊ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် (၆၄)မြို့နယ်နှင့် အားနည်းသည့် မြို့နယ်(၃၀)အပါအဝင် စုစုပေါင်း (၉၄)မြို့နယ်တို့တွင် လေ့ကျင့်သင်တန်းပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိသဖြင့် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် မြို့နယ်အားလုံး (၃၃၀)မြို့နယ်မှ မူလတန်းသင် ဆရာ ဆရာမ အားလုံးက မူလတန်းအဆင့် ကျောင်းသားကျောင်းသူများအား ကလေးဗဟိုပြုချဉ်းကပ်သင်ယူမှုပုံစံ (CCA)ဖြင့် လေ့ကျင့်သင်ကြားပေးနိုင်မည် ဖြစ်ပါကြောင်း။

စာသင်ခန်းတစ်ခန်းလျှင် ဆရာတစ်ဦးနှုန်း ခန့်ထားပေးနိုင်ရန်မှာ မူလတန်းအဆင့်တွင် အတန်း(၅) တန်းရှိသဖြင့် အနည်းဆုံး မူလတန်းကျောင်းသားဦးရေ (၁၄၀)ဦးနှင့်အထက်ရှိမှသာဖြစ်နိုင်ပါကြောင်း၊ ကျောင်းသားဦးရေ (၁၄၀)အောက်ရှိသော မူလတန်းကျောင်းဦးရေမှာ (၂၀၀၀၀)ခန့်ရှိသဖြင့် အဆိုပါ ကျောင်းများအတွက် ဆရာအနည်းဆုံး (၃)ဦးနှုန်းဖြင့် ဆရာဦးရေ (၆၀၀၀၀)ခန့် ထပ်မံခန့်ထားပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ကျောင်းသားဦးရေ နည်းပါးသည့် မူလတန်းကျောင်းများတွင် အတန်းတွဲသင်ကြားမှု (Multi-grade Teaching) ပုံစံဖြင့် သင်ကြားနေရဆဲဖြစ်သော်လည်း CCA နည်းဖြင့် သင်ကြားပေးနိုင်ခြင်းဖြင့် ကျောင်းသား ကျောင်းသူများ၏ တတ်မြောက်မှုအရည်အသွေးကို မြှင့်တင်ပေးနိုင်မည် ဖြစ်ပါကြောင်း။

၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာဘွဲ့/ ဒီပလိုမာ သင်တန်းကျောင်းမှ သင်တန်းဆင်း (၁၂၈၂)ဦးအား အလယ်တန်းပြများအဖြစ် လည်းကောင်း၊ သင်တန်းဆင်း (၇၁၆၄)ဦးအား မူလတန်းပြများအဖြစ်လည်းကောင်း စုစုပေါင်း(၈၄၄၆)ဦးကို ဖြည့်ဆည်းခန့်ထားပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အမီ သင်တန်းဆင်း (၅၁၂)ဦးအား အလယ်တန်းပြအဖြစ် လည်းကောင်း၊ သင်တန်းဆင်း (၂၇၂၂) ဦးအား မူလတန်းပြအဖြစ်လည်းကောင်း၊ စုစုပေါင်း (၃၂၃၄)ဦးအား ဆက်လက်ဖြည့်ဆည်းခန့်ထားပေးရန် စီစဉ်ထားပြီးဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ အဆိုအား မှတ်တမ်းတင်သင့်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ အဆိုတင်သွင်းသူ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီက အဆိုကို လွှတ်တော်တွင် မှတ်တမ်းတင်ထားသင့်ပါကြောင်းတင်ပြသဖြင့် ယင်းအဆိုကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ဆုံးဖြတ်သည်။

ထို့နောက် ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘိုးရယ်က **“ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကယားပြည်နယ်တွင် နယ်စပ်ကုန်သွယ်ရေးစခန်းသစ် တစ်ခုအား ဦးစားပေးဖွင့်လှစ်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း”** အဆိုကိုတင်သွင်းရာ ယင်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူသည်။

အဆိုကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒသမနေ့ကို ညနေ ၃ နာရီ မိနစ် ၅၀ တွင်ရပ်နားလိုက်ပြီး အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို မတ် ၈ ရက် ကြာသပတေးနေ့ နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

အစည်းအဝေးတွင် ဥပဒေကြမ်း(၁)ခု အတည်ပြုခြင်း၊ အဆို(၁)ခုဆွေးနွေးခြင်း၊ မှတ်တမ်းတင်ခြင်းနှင့် အဆိုသစ်(၁)ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား နော်ဝေနိုင်ငံ သံအမတ်ကြီး တွေ့ဆုံ

နေပြည်တော် မတ် ၆

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား ထိုင်းနိုင်ငံ ဗန်ကောက်မြို့ အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံ သံအမတ်ကြီး H.E. Mrs. Katja Christina Nordgaard သည် ယနေ့နံနက် ၈ နာရီခွဲတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောကဏ္ဍတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် သစ်တောဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးငွေအောင်၊ စီမံကိန်းနှင့်စာရင်းအင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်ထွန်းနှင့် သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား ထိုင်းနိုင်ငံ ဗန်ကောက်မြို့ အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံ သံအမတ်ကြီး H.E. Mrs. Katja Christina Nordgaard လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်အား IPU ဒုတိယဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံ

နေပြည်တော် မတ် ၆

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်အား ဂျီနီဗာမြို့ အခြေစိုက် Inter-Parliamentary Union (IPU) ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်ကော်မတီအဖွဲ့ဝင် Mr. Angel Alonso DIAZ- CANEJA နှင့် အဖွဲ့သည် ယနေ့ ညနေ ၄ နာရီခွဲတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံသည်။ ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာ ပါလီမန်အဖွဲ့တို့အကြား ပူးပေါင်းဆောင်ရွက်နိုင်မှု အလားအလာများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒိန်းမတ်နိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် သံအမတ်ကြီး ဦးကျော်မျိုးထွဋ်အား ပူးတွဲခန့်အပ်

နေပြည်တော် မတ် ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ယူနိုက်တက်ကင်းဒမ်းနှင့် မြောက်အိုင်ယာလန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးကျော်မျိုးထွဋ်အား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် ဒိန်းမတ်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ (သတင်းစဉ်)

နိုင်ဂျီးရီးယားနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် သံအမတ်ကြီး ဦးမြင့်နောင်အား ပူးတွဲခန့်အပ်

နေပြည်တော် မတ် ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် တောင်အာဖရိကသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမြင့်နောင်အား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် ပြည်ထောင်စုသမ္မတ နိုင်ဂျီးရီးယားနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ (သတင်းစဉ်)

ဥပဒေအရ ကြိုတင်မဲပေးခွင့်ရှိသူမှအပ အခြားမဲဆန္ဒရှင်များ မဲရုံတွင်သာမဲပေးကြရန် တိုက်တွန်းနှိုးဆော်ခြင်း

သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၃ နှင့် နည်းဥပဒေ ၃၉(ဆ)တို့အရ ရွေးကောက်ပွဲတွင် (ဥပဒေနှင့်အညီ) ကြိုတင်မဲလက်မှတ်ဖြင့် ဆန္ဒမဲပေးပြီးသူမှအပ ဆန္ဒမဲပေးမည့်(အခြား)သူများသည် မဲရုံသို့ ကိုယ်တိုင်လာရောက်၍ ဆန္ဒမဲပေးရမည်ဖြစ်ပါသည်။

သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၅(က)၊ ပုဒ်မ ၄၆ နှင့် ၄၇ တို့အရ မဲဆန္ဒနယ်ပြင်ပရောက် ကြိုတင်မဲပေးပိုင်ခွင့်ရှိသူများမှာ-

အုပ်စု (က)
၁။ မဲဆန္ဒနယ်ပြင်ပရောက် တပ်မတော်သားများ၊
၂။ မဲဆန္ဒနယ်ပြင်ပရောက် ကျောင်းသားများ၊
၃။ မဲဆန္ဒနယ်ပြင်ပရောက် သင်တန်းသားများ၊
၄။ မဲဆန္ဒနယ်ပြင်ပရောက် အချုပ်ခံနေရသူများ၊
၅။ မဲဆန္ဒနယ်ပြင်ပရောက် ဆေးရုံတက်ရောက်ကုသနေသူများ၊
၆။ မဲဆန္ဒနယ်ပြင်ပရောက် အခြားမဲဆန္ဒရှင်များ (ရက်ပေါင်း ၁၈၀ ထက်မနည်း)၊
၇။ အစိုးရ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင် ရောက်ရှိနေသော မဲဆန္ဒရှင်များ၊

မှတ်ချက်။ (၁) အုပ်စု(က) အမှတ်စဉ် (၆) မဲဆန္ဒနယ်ပြင်ပရောက် အခြားမဲဆန္ဒရှင်များမှအပ ကျန်အမျိုးအစားအားလုံးသည် မြို့နယ် ကော်မရှင်အဖွဲ့ခွဲထံတွင် ကြိုတင်မဲပေးရခြင်းဖြစ်ပါသည်။
(၂) အုပ်စု(က)၊အမှတ်စဉ်(၁)နှင့်(၆)တို့မှအပ ကျန်(၅) မျိုးသည် ပုံစံ(၁၅)ဖြင့် ကြိုတင်မဲတောင်းခံကြရပါမည်။

သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၅ (ခ)နှင့် (ဂ)တို့အရ မဲဆန္ဒနယ်အတွင်း၌ရှိသော်လည်း ကြိုတင်မဲပေးပိုင်ခွင့်ရှိသူများမှာ-

အုပ်စု (ခ)
၁။ ရွေးကောက်ပွဲကျင်းပသည့်နေ့၌ မိမိအမည်စာရင်းပါရှိရာ မဲဆန္ဒနယ်မှ ကျော်လွန်၍ ခရီးဝေး သွားလာရန်ရှိခြင်း၊
၂။ အနာကြီးရောဂါ စွဲကပ်နေခြင်း၊
၃။ ရောဂါဝေဒနာ ပြင်းထန်စွာခံစားနေရခြင်း၊
၄။ အသက်အရွယ်ကြီးရင့်နေခြင်း၊
၅။ သားဖွားနေခြင်း၊
၆။ ရဲအချုပ်စခန်း သို့မဟုတ် အကျဉ်းစခန်းတွင် အချုပ်ခံနေရခြင်း၊
၇။ ဆေးရုံ၌ အတွင်းလူနာအဖြစ် ဆေးဝါးကုသမှုခံယူနေခြင်း၊
၈။ နိုင်ငံ့ဝန်ထမ်း သို့မဟုတ် တပ်မတော်သား သို့မဟုတ် ရဲတပ်ဖွဲ့ဝင်တစ်ဦးသည် မဲစာရင်းပါရှိရာဒေသမှ ကျော်လွန်၍ ယာယီတာဝန်သွားရောက်ထမ်းဆောင်ရခြင်း စသည်တို့ကြောင့် မဲရုံသို့ ကိုယ်တိုင်လာရောက်မဲမပေးနိုင်ပါက ကြိုတင်မဲပေးခွင့်ရှိပါသည်။

မှတ်ချက်။ (၁) အုပ်စု(ခ)တွင်ပါဝင်သော အမျိုးအစားအားလုံးနှင့် အုပ်စု(က)မှ အမှတ်စဉ်(၆)အမျိုးအစားများသည် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲထံတွင် ကြိုတင်မဲ ပေးရပါမည်။
(၂) ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲတွင် ကြိုတင်မဲပေးရမည့်သူများသည် (၃၀-၃-၂၀၁၂)ရက်နေ့မှ (၃၁-၃-၂၀၁၂)ရက်နေ့အထိ နံနက်(၆)နာရီမှ ညနေ(၆)နာရီ အတွင်း ကြိုတင်မဲပေးရပါမည်။

ယင်းသို့ **ကြိုတင်ဆန္ဒမဲပေးရန် ဥပဒေအရ ခွင့်ပြုထားသူများမှအပ အခြားမဲဆန္ဒရှင်များသည် ကြိုတင်မဲပေးခွင့်မရှိဘဲ ရွေးကောက်ပွဲကျင်းပသည့်နေ့၌သာ မဲရုံသို့ ကိုယ်တိုင်လာရောက် ဆန္ဒမဲပေးကြရန်** တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

လမ်း/တံတားလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် မတ် ၆

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းနှင့် လမ်း/တံတားလုပ်ငန်းကုမ္ပဏီများ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မတ် ၅ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း လမ်းမိုင်ပေါင်း ၂၃၀၀၀ ကျော်ရှိရာ ယာဉ်အသွားအလာများသော လမ်းမိုင် ၄၀၀၀ ကျော်ကို လမ်း/တံတားလုပ်ငန်းများဆောင်ရွက်သည့် ကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ကုမ္ပဏီများအနေဖြင့် လုပ်ငန်းများကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားရန်နှင့် စေတနာထားဆောင်ရွက်ရန်မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးစိုးတင့်က ကုမ္ပဏီများအနေဖြင့် လမ်း/တံတားလုပ်ငန်းများကို ပွင့်လင်းရာသီအတွင်း အပြီးဆောင်ရွက်ရန်၊ လမ်းသစ်ဖောက်လုပ်ရာတွင် အောက်ခံမြေသား အမာခံရရှိပြီးမှ ကျောက်ခင်းခြင်း၊ ကတ္တရာခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ရန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အင်ဂျင်နီယာများကလည်း ကုမ္ပဏီများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန်၊ ရရှိသည့် ရန်ပုံငွေအလိုက် လုပ်ငန်းများ ပြီးပြတ်အောင် ဆောင်ရွက်ရန်တို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် လမ်း/တံတားလုပ်ငန်းကုမ္ပဏီများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် မတ် ၆

မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ဒုတိယ(၅)နှစ်စီမံကိန်း (၂၀၁၂-၂၀၁၆) ၂၀၁၂ ခုနှစ် လုပ်ငန်းစီမံချက် အကောင်အထည်ဖော်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးနှင့် ယင်းစာအုပ်/စာစောင်များ တရားဝင်ဖြန့်ချိတာဝန်ပေးအပ်သည့် အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပရာ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ်-ရဲချုပ်ကျော်ကျော်ထွန်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး ရဲမှူးချုပ်ခင်မောင်စီက လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့နှင့် အဆင့်ဆင့်သော လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့များ ပြင်ဆင်ဖွဲ့စည်းမှုများနှင့် တာဝန်များကို ရှင်းလင်းဆွေးနွေးကာ ၂၀၁၂ ခုနှစ် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ဦးစားပေးရွေ့လုပ်ငန်းစဉ်များကို ချမှတ်၍ ၂၀၁၂-၂၀၁၆ ဒုတိယ(၅)နှစ်စီမံကိန်းပါ လုပ်ငန်းကဏ္ဍအသီးသီးကို ဆွေးနွေးအတည်ပြုကြသည်။

အဆိုပါအစည်းအဝေးသို့ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် ဆက်စပ်သည့် ဝန်ကြီးဌာနများ၊ ပြည်တွင်းလူမှုရေးအသင်းအဖွဲ့များ၊ ကုလသမဂ္ဂနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ အထူးဖိတ်ကြားသည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ (သတင်းစဉ်)

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်-ရဲချုပ်ကျော်ကျော်ထွန်း မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ဒုတိယ(၅)နှစ်စီမံကိန်း (၂၀၁၂-၂၀၁၆) ၂၀၁၂ ခုနှစ် လုပ်ငန်းစီမံချက် အကောင်အထည်ဖော်ရေးလုပ်ငန်းညှိနှိုင်း အစည်းအဝေးနှင့် ယင်းစာအုပ်/စာစောင်များ တရားဝင်ဖြန့်ချိတာဝန်ပေးအပ်သည့် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရှစ်နှစ်အတွင်း နည်းပြရှစ်ယောက်ထုတ်ပယ်ခဲ့သည့် အေဘရာမိုဗစ်ချ် နည်းပြသစ်ရှာပုံတော်ဖွင့်ပြီ

လန်ဒန် မတ် ၆

ချယ်လ်ဆီးအသင်းပိုင်ရှင် အေဘရာမိုဗစ်ချ်သည် နည်းပြအန်ဒရီဗီးလက်စ်ဘိုစ်အား ထုတ်ပယ်လိုက်ပြီဖြစ်သည်။ ယင်းအပြင် ၎င်းသည် ရှစ်နှစ်အတွင်း ချယ်လ်ဆီးအသင်းအတွက် ရှစ်ယောက်မြောက်နည်းပြအဖြစ် ခေါ်ယူခဲ့သည့် အန်ဒရီဗီးလက်စ်ဘိုစ် ချယ်လ်ဆီးအသင်းကို တာဝန်ယူစဉ်ကာလအတွင်း သုံးစွဲခဲ့သည့် ကုန်ကျငွေ ပေါင်သန်း ၅၀ မှာ ဂိုးပေါက်ပျောက်နေသည့် တိုက်စစ်မှူး ဖာနန်ဒိုတောရက်စ်ကို ခေါ်ယူခဲ့သည့် ပေါင်သန်း ၅၀ နှင့် တန်ဖိုးချင်း တူညီသော်လည်း ဗီးလက်စ်ဘိုစ်အတွက် သုံးစွဲခဲ့သည့် ပေါင်သန်း ၅၀ မှာ ငွေဖြုန်းခဲ့ခြင်း သက်သက်သာဖြစ်ခဲ့ကြောင်း ဖော်ပြခဲ့သည်။

အေဘရာမိုဗစ်ချ်**(ယာပုံ)**သည် ပြီးခဲ့သည့်ဇွန်လအတွင်းက ဗီးလက်စ်ဘိုစ်ကို ခေါ်ယူရန်အတွက် ပေါ်တိုအသင်းကို ပေါင် ၁၃ ဒသမ ၃ သန်းပေးခဲ့ရပြီး ထုတ်ပယ်ခဲ့သည့် ကာလိုအန်ဆယ်လော့တီအတွက် ပေါင် ၁၀ သန်းမက သုံးစွဲခဲ့ရသည်။ ထို့ပြင် ဗီးလက်စ်ဘိုစ် တာဝန်ယူခဲ့သည့် ရက်သတ္တ ၃၆ ပတ် ပွဲစဉ် ၄၀ အတွက် တစ်ပတ်လျှင် ပေါင် ၉၀၀၀၀ အပြင် အပိုဆုကြေးအဖြစ် ပေါင် ၃ ဒသမ ၅ သန်းသုံးစွဲခဲ့ရသည်။ ယင်းအပြင် ဗီးလက်စ်ဘိုစ်ကို ထုတ်ပယ်ခဲ့သည့်အတွက် နစ်နာကြေးအဖြစ် ပေါင် ၁၁ သန်းပေးရမည်ဖြစ်သည်။ ထို့ကြောင့် ဗီးလက်စ်ဘိုစ် တာဝန်ယူခဲ့သည့် ရှစ်လတာကာလအတွက် မိုဗစ်ချ်သည် ပေါင်သန်း ၅၀ ဝန်းကျင် သုံးစွဲခဲ့ရသည်။

ထို့ကြောင့် အေဘရာမိုဗစ်ချ်သည် အသင်းအတွက် နည်းပြသစ်ကို ထပ်မံရှာပုံတော်ဖွင့်နေပြီဖြစ်သည်။ ချယ်လ်ဆီးအသင်းအား ဗီးလက်စ်ဘိုစ်၏ လက်ထောက်နည်းပြ ရော်ဘတ်တိုဒီမတ်တီအိုကယာယီတာဝန်ယူ ကိုင်တွယ်မည်ဖြစ်သည်။ ***အင်တာနက်။***

ဟိန်းထက်လင်း

နိုင်ငံတကာရုပ်ရှင်အနုပညာရပ်ဝန်း

အေဝမ်းစိုး

လူမှုရေးဆောင်ရွက်ချက်များအတွက်ပေးအပ်သည့် အမြင့်ဆုံးဆု ရှာကီရာ ရရှိရန် အမည်စာရင်းတင်သွင်းခံရ

ကိုလံဘီယာစူပါစတား ရှာကီရာသည် သူမ၏ လူမှုရေးဆောင်ရွက်ချက်များကို အသိအမှတ်ပြုသည့်အနေဖြင့် စပိန်နိုင်ငံတွင် ဂုဏ်သိက္ခာအမြင့်မားဆုံးဆုတစ်ဆုရရှိရန် အမည်စာရင်းတင်သွင်းခံခဲ့ရကြောင်း သတင်းများတွင် ဖော်ပြသည်။

ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (ယူနီဆက်)၏ သံတမန်တစ်ဦးဖြစ်သည့် ကမ္ဘာကျော်ဂီတငွေကြယ်ပွင့် ရှာကီရာသည် ငြိမ်းချမ်းရေးထိန်းသိမ်းစောင့်ရှောက်ရာတွင် ထူးချွန်စွာဆောင်ရွက်ခြင်း၊ လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ခြင်း၊ လွတ်လပ်ခြင်း၊ စည်းလုံးညီညွတ်ခြင်း၊ အမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်းစသည့် လူသားချင်းစာနာထောက်ထားမှု ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သူများကို ဂုဏ်ပြုချီးမြှင့်ပေးအပ်သည့် Prince of Asturias Concord ဆုကို ရရှိရန် အမည်စာရင်းတင်သွင်းခံခဲ့ရသည်။ အဆိုပါ ဆုကို ၁၉၈၆ ခုနှစ်ကတည်းက နှစ်စဉ်ပေးအပ်ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

ရှာကီရာ**(ယာပုံ)**သည် သူမ ၁၈ နှစ်အရွယ်ကတည်းက ပညာရေးအဖွဲ့အစည်းတစ်ခုဖြစ်သည့် Barefoot Foundation ကို တည်ထောင်၍ ပညာရေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ လွန်ခဲ့သည့်နှစ်က ရန်ပုံငွေတိုးမြှင့်၍ သူမ၏ မိခင်နိုင်ငံကိုလံဘီယာနှင့် ဟေတီနိုင်ငံတို့တွင် စာသင်ကျောင်းများ ဆောက်လုပ် လှူဒါန်းခဲ့သည်။

ရှာကီရာသာ အဆိုပါဆုကို ရရှိခဲ့မည်ဆိုလျှင် ဂီတအနုပညာလောကတွင် ယင်းဆုကို ပထမဆုံးဆွတ်ခူးသည့် အနုပညာရှင်ဖြစ်လာမည်ဖြစ်သည်။ Prince of Asturias Concord ဆုကို ယခင်က နာမည်ကျော် သီပွဲပညာရှင်စတီဖင်ဟော့ကင်းက ၁၉၈၉ ခုနှစ်တွင်လည်းကောင်း၊ ဟယ်ရီပေါ်တာစာရေးဆရာမ ဂျေကေရိုးလင်းက ၂၀၀၃ ခုနှစ်တွင် လည်းကောင်း ဆွတ်ခူးရရှိခဲ့ဖူးသည်။

အင်တာနက်။

သတိပြုဆင်ခြင်စရာမှုခင်းအဖြာဖြာ သတိပြုဆင်ခြင်စရာမှုခင်းအဖြာဖြာ

မြို့ပတ်ရထားနှင့် သံလမ်းဖြတ်ကုန်တင်ကား တိုက်မိ ကုန်တင်ယာဉ်မောင်းနှင့် ခရီးသည်တစ်ဦးတို့ ဒဏ်ရာအနည်းငယ်စီရရှိ

နေပြည်တော် မတ် ၆

ရန်ကုန်ဘူတာမှ လှော်ကားဘူတာသို့ ထွက်ခွာလာသည့် စံပယ်အမှတ်(၈) မြို့ပတ်ရထားနှင့် ရထားလမ်းဖြတ်ကူးသည့် တီအီးကုန်တင်ကားတို့ တိုက်မိသဖြင့် ကားခေါင်းပိုင်းပျက်စီးကာ တီအီးယာဉ်မောင်းနှင့် ယာဉ်ပေါ်ပါခရီးသည်တစ်ဦးတို့ ဒဏ်ရာအနည်းငယ်စီရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၄ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၄၀ ခန့်တွင် ရန်ကုန်ဘူတာမှ လှော်ကားဘူတာသို့ ထွက်ခွာလာသည့် စံပယ်အမှတ်(၈) မြို့ပတ်ရထားသည် ရွှေပြည်သာမြို့နယ် စက်မှုဇုန်ဘူတာအဝင် ရထားသံလမ်းကူးအရောက်တွင် သံလမ်းကို ဖြတ်ကျော်လာသော ယာဉ်မောင်း ဦးဘိုတင့် မောင်းနှင်သည့် တီအီးယာဉ်၏ ခေါင်းပိုင်းကို တိုက်မိရာမှ ၎င်းယာဉ်၏ခေါင်းပိုင်းပျက်စီးခဲ့ပြီး ယာဉ်မောင်းသူ၏ ဦးခေါင်းတွင် လေးလက်မခန့် ပေါက်ပြဲဒဏ်ရာနှင့် ခါးပွန်းပဲ့ဒဏ်ရာ ရရှိခဲ့ကာ ကျန်ခရီးသည်တစ်ဦးတွင် ဝဲချိုစောင်းတစ်လက်မခန့် ပေါက်ပြဲဒဏ်ရာနှင့် ဝဲလက်ခလယ်ပြတ်ရှဒဏ်ရာ (မစိုးရိမ်ရ)တို့ ရရှိခဲ့ကြောင်း၊ ရထားသွားလာမှုများ ရပ်တန့်မှုမရှိဘဲ ပုံမှန်သွားလာလျက်ရှိကြောင်းနှင့် တီအီးယာဉ်မောင်းဖြစ်သူအား သက်ဆိုင်ရာက အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မူးယစ်သောက်စားမောင်းနှင်၍ အရှိန်မထိန်းနိုင်၊ ယာဉ်တိုက်မှုဖြစ်

ပြင်ဦးလွင် မတ် ၆

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်တွင် လူငယ်တစ်စု မူးယစ်သောက်စားပြီး လိုင်စင်မဲ့ယာဉ်အား အရှိန်ပြင်းစွာမောင်းနှင်ရာမှ သစ်ပင်ဝင်တိုက်ပြီး ယာဉ်ကြောအမှန်အတိုင်း ဆိုင်ကယ်မောင်းနှင်လာသူတစ်ဦးအား ထပ်ဆင့်တိုက်မိကာ အသက်ဆုံးရှုံးမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂၉ ရက် ည ၇ နာရီ ၅၅ မိနစ်တွင် ပြင်ဦးလွင်မြို့ပတ်လမ်း ရွှေပုလဲစားသောက်ဆိုင်ရှေ့တွင် ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ပြင်ဦးလွင်ရဲတပ်ဖွဲ့စခန်းမှ ရဲတပ်ကြပ် အေးကိုကို၊ ဒုတပ်ကြပ်ကျော်မင်းဦး၊ ရပ်ကွက်ကြီး(၂)အုပ်ချုပ်ရေးမှူး ဦးအောင်တိုးတို့ သွားရောက်စစ်ဆေးခဲ့ရာ ရုံးပေါင်းစုံမီးပွိုင့်မှ ဈေးလေးအဝိုင်းဘက်သို့ ယာဉ်မောင်း အာသဲ(၁၆)နှစ် (ဘ)ဦးစွမ်းရင် ရပ်ကွက်ကြီး(၂)နေသူသည် လိုင်စင်မဲ့ယာဉ်အမှတ် လ/---- မီးခိုးရောင်ယာဉ်အား အရှိန်ပြင်းစွာမောင်းနှင်လာရာ အရှိန်မထိန်းနိုင်ဘဲ သစ်ပင်အား ဝင်ရောက်တိုက်မိပြီး မျက်နှာချင်းဆိုင်မှ မောင်းနှင်လာသော ကိုကိုဇော်(၄၁)နှစ် (ဘ) ဦးညွန့်ရွှေ စိုက်ပျိုးရေးလုပ်ကိုင်သူ သုမင်္ဂလာရပ်ကွက်ကြီး(၂) မောင်းနှင်လာသည့် ၁၂/ယ ----- ၁၂၅ ဆိုင်ကယ်အား ထပ်ဆင့်တိုက်ခဲ့ပြီး ကားနှင့်ဆိုင်ကယ် လုံးဝပျက်စီးသွားခဲ့သည်။**(အောက်ပုံ)**

ယာဉ်တိုက်မှုကြောင့် ယာဉ်မောင်း အာသဲ(၁၆)နှစ် ဦးခေါင်းပြင်းထန်စွာဒဏ်ရာရ(သတိမရ)၊ ယာဉ်ပေါ်ပါလာသူ စိုင်းရာဇာထွန်း ဦးခေါင်းပေါက်ပြဲဒဏ်ရာ၊ ထွန်းနိုင်ဦး မျက်နှာပွန်းပဲ့ဒဏ်ရာနှင့် ဆိုင်ကယ်မောင်းနှင်လာသူ ကိုကိုဇော်သည် ဦးခေါင်း၊ မေးရိုးကျိုး၊ ပေါင်နှစ်ချောင်းကျိုး ဒဏ်ရာများနှင့် ဆေးရုံကြီးသို့ပို့ပြီး ဆေးကုသစဉ် သေဆုံးသွားခဲ့ကြောင်းသိရသည်။ (၆၁၃)

ခါးပိုက်နှိုက်များ သတိထား

ရန်ကုန် မတ် ၆

ယခုတလော ရန်ကုန်မြို့ရှိ လိုင်းကားများတွင် ခါးပိုက်နှိုက်မှုသတင်းများ အဆက်မပြတ်ကြားသိလာရ၍ လိုင်းကားစီးခရီးသည်များကို သတိပေးလိုစိတ်ဖြစ်မိသည်။

မတ် ၆ ရက် မွန်းလွဲပိုင်းက ရုံးဝန်ထမ်းတစ်ဦးဖြစ်သူ ဦး. . . . . သည် လှိုင်မြို့နယ် ဘူတာရုံလမ်း မှတ်တိုင်မှ (၄၈)အထူးကားကို စီးလာပြီး ကြယ်ငါးပွင့်မှတ်တိုင်၌ ဆင်း၍ရုံးအရောက်တွင် လွယ်ထားသော အိတ်အတွင်း ထည့်ထားသည့် အသံဖမ်းစက်ကို ခါးပိုက်နှိုက်ခံလိုက်ရကြောင်း သိရသည်။

အလားတူ လခထုတ်ရက် ဖေဖော်ဝါရီ ၂၉ရက်ကလည်း အရာရှိတစ်ဦး ယာဉ်လိုင်းအမှတ်(၂၀၂)ကားကို မြောက်ဥက္ကလာပအဝိုင်း မှတ်တိုင်မှစီးလာရာ ကားပေါ်၌ လူနှစ်ဦးညှပ်ပိတ်ပြီး အိတ်ကို ဖွင့်နေမှန်းသိ၍ အိတ်ကို ရှေ့ဘက်သို့ ဆွဲယူလိုက်သဖြင့် ခါးပိုက်နှိုက်ရန်မှ လွတ်သွားကြောင်း သိရသည်။ သို့ဖြစ်ရာ လိုင်းကားစီး ခရီးသည်များ ကားစီးရာတွင် မိမိတို့၌ပါလာသော အိတ်၊ ဆွဲအိတ်၊ ခြင်းတောင်း စသည့် ပစ္စည်းများကို သတိထားကြရန်လိုအပ်ကြောင်းနှင့် ခါးပိုက်နှိုက်များ ချုပ်ငြိမ်းပပျောက်စေရေးအတွက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များအား ယာဉ်မောင်းများ၊ ယာဉ်နောက်လိုက်များ၊ ခရီးသည်များကဝိုင်းဝန်းကူညီ ဆောင်ရွက်ကြစေလိုကြောင်း ရေးသားလိုက်ရပါသည်။

(ရွှေသံလွင်)

ပြည်သူ့လွှတ်တော်အစည်းအဝေး နဝမနေ့ ဆက်လက်ကျင်းပ

ဝမ်းနည်းကြောင်းမှတ်တမ်းတင်ခြင်း၊ ဥပဒေကြမ်း (၂)ခု တင်သွင်းခြင်းနှင့် ဥပဒေကြမ်း (၁)ခု အတည်ပြုခြင်းဆောင်ရွက်

နေပြည်တော် မတ် ၆

ယနေ့ ပြည်သူ့လွှတ်တော်အစည်းအဝေး နဝမနေ့ကို မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၃၅၄)ဦးတို့ တက်ရောက်ကြပြီး အစည်းအဝေး၌ ဝမ်းနည်းကြောင်း မှတ်တမ်းတင်ခြင်း၊ ဥပဒေကြမ်း (၂)ခု တင်သွင်းခြင်းနှင့် ဥပဒေကြမ်း (၁)ခု အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

အမျိုးသားလွှတ်တော်က အတည်ပြုချက်ဖြင့်ပေးပို့သော **လူမှုဖူလုံရေးဥပဒေကြမ်း**ကို မတ်လ ၁ ရက်တွင် ပြည်သူ့လွှတ်တော်က လက်ခံရရှိကြောင်း၊ ဥပဒေကြမ်းကော်မတီအနေဖြင့် ယင်းဥပဒေကြမ်းကို စိစစ်ပြီး ကော်မတီ၏အစီရင်ခံစာနှင့်အတူ လွှတ်တော်တွင်ဆွေးနွေးနိုင်ရန် တင်သွင်းရမည်ဖြစ်ကြောင်း၊ ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက ဆွေးနွေးလိုသည့် "အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်" တိကျစွာဖော်ပြ၍ မတ်လ ၈ ရက် မွန်းလွဲ ၁ နာရီနောက်ဆုံးထားပြီး အမည်စာရင်းပေးပို့ကြရန်ဖြစ်ကြောင်း သိရသည်။

ဝမ်းနည်းကြောင်းမှတ်တမ်းတင်ခြင်းကဏ္ဍ၌ ပြည်သူ့လွှတ်တော် စီးပွားရေးနှင့်ကုန်သွယ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ မင်းပြားမဲဆန္ဒနယ်မှ ဦးအောင်စိန်သာ ကွယ်လွန်ခဲ့ခြင်းအတွက် လွှတ်တော်က ဝမ်းနည်းကြောင်း မှတ်တမ်းတင်ဆောင်ရွက်သည်။

စာမျက်နှာ ၈ ကော်လံ ၅ သို့ ❍

ပြည်သူ့လွှတ်တော်အစည်းအဝေး နဝမနေ့ ကျင်းပစဉ်။
(သတင်းစဉ်)

ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒသမနေ့ကျင်းပ

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် ပြန်လည်ရှင်းလင်း

နေပြည်တော် မတ် ၆

ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒသမနေ့ကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် (၁၉၁)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးမြင့်ထွန်းက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားရှင်းလင်းသည်။

အဆိုပါ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်က အတည်ပြုသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် တွဲဖက်အတွင်းရေးမှူး ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်က နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းရာ ယင်းဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း လွှတ်တော်က အတည်ပြုသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ၏ **"ပညာရေးမြှင့်တင်ရေးဆိုင်ရာ ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို လွှတ်တော်ကိုယ်စားလှယ်(၆)ဦးတို့က ဆွေးနွေးကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳

အမျိုးသားလွှတ်တော်အစည်းအဝေး ဒသမနေ့ ကျင်းပစဉ်။
(သတင်းစဉ်)

ယ နေ့ သ တ င် း အ ညွှ န် း

မိုးအနည်းငယ်ရွာသွန်းခဲ့မှုကြောင့် အလောင်းတော်ကဿပ ခရီးသွားလမ်းတွင် သွားလာရေး ခက်ခဲကြန့်ကြာမှုများဖြစ်ပေါ်
ပြည်တွင်းသတင်း စာမျက်နှာ - ၈

အငြိမ်းစားမို့ မတိမ်းပါးစေလို
"နှစ်ပေါင်း လေးဆယ်နီးပါး ရုံးသွား၊ ရုံးတက်မို့ အိမ်မှာနေရသည်ကိုပင် မနေတတ်၊ မထိုင်တတ်ဖြစ်မိ"
ဆောင်းပါး စာမျက်နှာ - ၅

လူမှုရေးဆောင်ရွက်ချက်များအတွက် ပေးအပ်သည့် အမြင့်ဆုံးဆု ရှာကီရာ ရရှိရန် အမည်စာရင်းတင်သွင်းခံရ
အနုပညာ စာမျက်နှာ - ၁၀

ရှစ်နှစ်အတွင်း နည်းပြရှစ်ယောက် ထုတ်ပယ်ခဲ့သည့် အေဘာရာမိုဗစ်ချ် နည်းပြသစ်ရှာပုံတော်ဖွင့်မည်
အားကစား စာမျက်နှာ - ၁၀

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ကော်ြငာအချပ်ပို (၄)မျက်နှာ ပါရှိပါသည်။